INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

# တရားရေးဆိုင်ရာ ရာထူးများ၏တည်မြဲပိုင်ခွင့်၊ ထုတ်ပယ်ခြင်း၊ အထူးကင်းလွတ်ခွင့်များနှင့် တာဝန်ခံမှု

International IDEA မှထုတ်ဝေသော ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ခြင်း စာတမ်းအမှတ် (၅)



# တရားရေးဆိုင်ရာ ရာထူးများ၏တည်မြဲပိုင်ခွင့်၊ ထုတ်ပယ်ခြင်း၊ အထူးကင်းလွတ်ခွင့်များနှင့် တာဝန်ခံမှု

International IDEA မှထုတ်ဝေသော
ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း
စာတမ်းအမှတ် (၅)

စာတမ်းပြုစုသူ

Elliot Bulmer

@ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့ (International IDEA) ၂၀၁၉ ခုနှစ် မူပိုင်ဖြစ်သည်။

International IDEA အဖွဲ့မှ ထုတ်ဝေသော စာအုပ်စာတမ်းများသည် နိုင်ငံများ၏ အကျိုးစီးပွား သို့မဟုတ် နိုင်ငံရေးအကျိုးစီးပွားတို့မှ သီးခြားလွတ်လပ်မှု ရှိပါသည်။ ဤစာအုပ်တွင် ဖော်ပြထားသော ရှုမြင်ပုံများမှာ International IDEA အဖွဲ့၊ ယင်းအဖွဲ့၏ ဘုတ်အဖွဲ့ သို့မဟုတ် ကောင်စီဝင်များ၏ ရှုမြင်ပုံများကို ကိုယ်စားပြုသည်ဟု ယတိပြတ်မဆိုနိုင်ပါ။

ဤစာအုပ်ကို Creative Commons Attribute-NonCommercialShareAlike ၃.၀ (CC BY-NC-SA 3.0) လိုင်စင် ခွင့်ပြုချက်အရ အီလက်ထရောနစ်ဖိုင်အနေဖြင့် ရယူနိုင်ပါသည်။ စီးပွားရေးအကျိုးအမြတ်အတွက် မဟုတ်ပါက လွတ်လပ်စွာ ကူးယူခြင်း၊ ဖြန့်ဝေခြင်း၊ ပို့လွှတ်ခြင်း၊ ရောနှောသုံးစွဲခြင်း သို့မဟုတ် လိုက်လျောညီထွေဖြစ်စေရန် ပြန်လည်စီစဉ်ပြုစုခြင်းများ လုပ်ဆောင်နိုင်ပါသည်။ မူရင်းရေးသားပြုစုသူအား လျော်ကန်စွာ အသိအမှတ်ပြုရည်ညွှန်းချက်ဖော်ပြပေးပြီး အလားတူတရားဝင်လိုင်စင် ခွင့်ပြုချက်ဖြင့် ဆောင်ရွက်ရမည် ဖြစ်သည်။

ဤလိုင်စင်နှင့် စပ်လျဉ်း၍ ဆက်လက်သိရှိလိုပါက Creative Commons ဝဘ်ဆိုဒ်တွင် အင်တာနက်လိပ်စာ http://creativecommons.org/licenses/by-nc-sa/3.0/ တွင် သွားရောက်ကြည့်ရှုနိုင်သည်။

**အင်တာနေရှင်နယ် အိုင်ဒီယာ**
စတွန်းစ်ဘောဂ်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ်  - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ်  - info@idea.int
ဝဘ်ဆိုဒ်   - www.idea.int

Cover design: International IDEA
မြန်မာဒီဇိုင်း - မြင့်စိုးဦး

ISBN : 978-91-7671-292-4 (print)
ISBN : 978-91-7671-293-1 (pdf)

# မာတိကာ


၁။ **နိဒါန်း** ........ ၅
အကျိုးကျေးဇူးများ ........ ၅
တရားရေးဆိုင်ရာ လွတ်လပ်ခွင့် ရရှိသေချာစေခြင်း ........ ၅

၂။ **မည်သည်က စဉ်းစားရမည့် ကိစ္စရပ်ဖြစ်သနည်း။** ........ ၇

၃။ **စံချိန်စံညွှန်းများနှင့် အခြေခံမှုများ** ........ ၉
နိုင်ငံတော် အဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ပုံမှန်ကျင့်သုံးမှုများ ........ ၉
နိုင်ငံတကာ စံချိန်စံညွှန်းများ ........ ၁၀

၄။ **တရားရေးဆိုင်ရာ ရာထူးသက်တမ်း** ........ ၁၂
ကောင်းစွာပြုမူဆောင်ရွက်စဉ်ကာလ ရာထူးတည်မြဲခွင့်နှင့် ပင်စင်ယူရမည့် အသက်အရွယ် ........ ၁၂
ရာထူးသက်တမ်းကို ကာလအကန့်အသတ်ဖြင့် ထားရှိခြင်းနှင့် ပြန်လည်ခန့်အပ်ခြင်း ..... ၁၄

၅။ **တရားသူကြီးများအား စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းခြင်းနှင့် ရာထူးမှ ထုတ်ပယ်ခြင်း** ........ ၁၅
တရားရုံး၏ စီရင်ချက်ဖြင့် သို့မဟုတ် စည်းမျဉ်းစည်းကမ်းလုပ်ထုံးလုပ်နည်းများဖြင့် ထုတ်ပယ်ခြင်း ....... ၁၅
လွှတ်တော်၏ ပန်ကြားချက်ဖြင့် ထုတ်ပယ်ခြင်း ........ ၁၆
စွပ်စွဲပြစ်တင်၍ ရာထူးမှ ထုတ်ပယ်ခြင်း ........ ၁၇
ရာထူးမှ ထုတ်ပယ်သည့် အကြောင်းရင်းများကို ဖော်ပြထားခြင်း ........ ၁၈
တရားသူကြီးများအား ရာထူးတိုးမြှင့်ခြင်း၊ လျှော့ချခြင်းနှင့် နယ်ပြောင်းရွှေ့ခြင်း ........ ၁၉

၆။ **တရားရေးဆိုင်ရာ အထူးကင်းလွတ်ခွင့်များ၊ သဟဇာတမဖြစ်မှုများ၊ အသုံးစရိတ်နှင့် လစာများ** ...... ၂၀
အထူးကင်းလွတ်ခွင့်နှင့် သဟဇာတ မဖြစ်မှုများ ........ ၂၀
အသုံးစရိတ်နှင့် လစာများ ........ ၂၁

၇။ **ရေခံမြေခံအနေအထားများကို ထည့်သွင်းစဉ်းစားခြင်း** ........................................ ၂၃
တရားသူကြီးများအား ရာထူးမှ ထုတ်ပယ်ရေး လုပ်ငန်းစဉ်ယန္တရားများနှင့် နိုင်ငံရေးစနစ် . ၂၃
နိုင်ငံရေးနှင့် တရားရေး ယဉ်ကျေးမှု ........................................ ၂၄
တရားရေးစနစ် တစ်စိတ်တစ်ပိုင်းပါဝင်၍ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် ........................................ ၂၆
လုပ်ပိုင်ခွင့်အာဏာအတွင်းမှ ဆောင်ရွက်ခြင်းကို အာမခံစေသည့် အစိုးရဌာနခွဲများ

၈။ **ဥပမာများ** ........................................ ၂၇

၉။ **ဆုံးဖြတ်ချက်ချမှတ်ရာတွင် စဉ်းစားရမည့်မေးခွန်းများ** ........................................ ၃၁

**ကိုးကားချက်များ** ........................................ ၃၃

**နောက်ဆက်တွဲ** ........................................ ၃၅
စာရေးသူအကြောင်း ........................................ ၃၅
International IDEA အကြောင်း ........................................ ၃၅
MyConstitution အကြောင်း ........................................ ၃၆
ဤစာစဉ်နှင့် စပ်လျဉ်း၍ ........................................ ၃၆

# ၁။ နိဒါန်း

ဤစာတမ်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေကျင့်သုံးသည့် ဒီမိုကရေစီစနစ်ရှိ တရားသူကြီးများ၏ ရာထူးသက်တမ်း၊ အထူးကင်းလွတ်ခွင့်များ၊ စည်းမျဉ်းစည်းကမ်းများနှင့် ၎င်းတို့အားရာထူးမှ ထုတ်ပယ်ခြင်းတို့အပေါ် အုပ်စိုးသည့်နည်းဥပဒေများကို ထည့်သွင်းဆွေးနွေးထားသည်။ အထူးသဖြင့် တရားရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် သမာသမတ်ရှိမှု၊ တရားရေးဆိုင်ရာ တုံ့ပြန်ဖြေရှင်းခြင်းနှင့် တာဝန်ခံမှုတို့အကြား ဟန်ချက်ညီမျှတစေမည့် နည်းလမ်းအထွေထွေကို ဆွေးနွေးတင်ပြထားသည်။

တရားရေးဆိုင်ရာလွတ်လပ်ခွင့်နှင့် တာဝန်ခံမှုတို့မှာ ကမ္ဘာတဝှမ်း၌ စိုးရိမ်ပူပန်ရသည့်အကြောင်းအရာဖြစ်သည်။ တရားမ/အင်္ဂလိပ် ရိုးရာဥပဒေတို့အကြားရှိ သိသာကွဲပြားမှုများအပေါ်မူတည်၍ ထိုစိုးရိမ်ပူပန်မှုများအား ပြေငြိမ်းစေမည့် စံသတ်မှတ်ချက်နှင့်ကိုက်ညီသော နည်းလမ်းများကို အစုအဝေးအဖြစ် တစ်ခုတစ်စည်းတည်း ပေါင်းစပ်ဖွဲ့စည်းနိုင်သည်။ တရားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ရာထူးမှထုတ်ပယ်ရေးဆိုင်ရာ ယန္တရားများသည် ကျယ်ပြောသည့် လူမှုရေး၊ ဥပဒေရေးရာနှင့် နိုင်ငံရေးဆိုင်ရာ ရေခံမြေခံအခြေအနေများတွင် သင့်တော်ကိုက်ညီမှု ရှိရမည်ဖြစ်သည်။

## အကျိုးကျေးဇူးများ

တရားရေးအဖွဲ့သည် ဥပဒေများကို အနက်အဓိပ္ပါယ်ပြန်ဆို၍ သက်ဆိုင်ရာ အမှုကိစ္စများတွင် အသုံးပြုကြသည်။ တရားဥပဒေစိုးမိုးမှုရှိရန်နှင့် ခိုင်မာအားကောင်း၍ ပြန်လည်ကုစားရပ်တည်နိုင်စွမ်းရှိသည့် ဒီမိုကရက်တစ် ဖွဲ့စည်းပုံအခြေခံဥပဒေအင်္ဂါရပ်တို့အတွက် လွတ်လပ်၍ နိုင်ငံရေးဘက်လိုက်မှုကင်းရှင်းပြီး ရိုးသားဖြောင့်မတ်ကာ အရည်အချင်းနှင့် ကျွမ်းကျင်မှုရှိသည့် တရားရေးအဖွဲ့တစ်ခု လိုအပ်သည်။ တရားသူကြီးများကို စည်းမျဉ်းစည်းကမ်းချမှတ် ထိန်းကျောင်းခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်းဆိုင်ရာ နည်းလမ်းများမှာ ထိုလိုအပ်ချက်များနှင့်အညီ ကိုက်ညီမှုရှိစေရန် အရေးကြီးသည်။

## တရားရေးဆိုင်ရာလွတ်လပ်ခွင့် ရရှိသေချာစေခြင်း

အုပ်ချုပ်ရေး၊ ဥပဒေပြုရေးအဖွဲ့များနှင့် ပါတီနိုင်ငံရေးများ၏ (လွှမ်းမိုးမှုမှ) လွတ်ကင်းသည့် တရားစီရင်ရေးဆိုင်ရာ လွတ်လပ်ခွင့်နှင့် ခံစားခွင့်ရှိသော အခွင့်အရေးများကို ရာထူးသက်တမ်း၊ အထူး

ကင်းလွတ်ခွင့်များအား ခိုင်မာစေခြင်းနည်းလမ်း သို့မဟုတ် အခြားနည်းလမ်းများမှတဆင့် ရရှိစေသည်။ အကျင့်ပျက်ချစား၍ တာဝန်ခံမှုမရှိသည့် သို့တည်းမဟုတ် သင့်လျော်မှုမရှိသော တရားသူကြီးများအား ရာထူးမှဖယ်ရှားရေးကို တိကျသေချာ၍ ခိုင်မာသောတရားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းများနှင့် ရာထူးမှထုတ်ပယ်ရေးလုပ်ငန်းစဉ်တို့ဖြင့် ပြုလုပ်နိုင်သည်။

# ၂။ မည်သည်ကစဉ်းစားရမည့်ကိစ္စရပ်ဖြစ်သနည်း။

ဒီမိုကရေစီစံနှုန်းနှင့် ဒီမိုကရက်တစ် ဖွဲ့စည်းပုံအခြေခံဥပဒေအင်္ဂါရပ်နှင့် လျော်ညီသည့် တရားဥပဒေစိုးမိုးရေးနှင့် လူ့အခွင့်အရေးများအား ထိန်းသိမ်းကာကွယ်ရာတွင် တရားရေးဆိုင်ရာ လွတ်လပ်မှု၏ အရေးကြီးမှုတို့ကို International IDEA ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ရေး စာစောင် အမှတ် (၄) "တရားရေးဆိုင်ရာ ရာထူးခန့်အပ်မှုများ"တွင် ထည့်သွင်းဆွေးနွေးထားပါသည်။ ထိုစာစောင်တွင် တရားရေးဆိုင်ရာ ရာထူးခန့်အပ်ရာတွင် လိုအပ်သည့်ဟန်ချက်ညီ မျှတမှုကို ရှင်းလင်း တင်ပြထားသည်။ ဟန်ချက်ညီ မျှတမှုဆိုသည်မှာ ရာထူးခန့်အပ်ရာတွင် တရားရေးအား တစ်ဖက်စောင်းနင်းလွှမ်းမိုးမှုများမှ အကာအကွယ်ပေးခြင်းနှင့် ပုံမှန်အားဖြင့် လူ့အဖွဲ့အစည်း၏ ပြောင်းလဲနေသော လိုအပ်ချက်များကို တရားသူကြီးများက ထပ်ဟပ်တုံ့ပြန်ဆောင်ရွက်ပေးခြင်းတို့ကို ဆိုလိုသည်။

လွတ်လပ်၍ သမာသမတ်ရှိသလို တာဝန်ခံမှုနှင့် ရိုးသားမှု၊ အရည်အချင်းနှင့် ကျွမ်းကျင်မှုစံနှုန်း ပြည့်မီသည့် တရားရေးအဖွဲ့ ဖြစ်ပေါ်လာစေရန်ကြိုးပမ်းဆောင်ရွက်ရာ၌ ရာထူးခန့်အပ်လိုက်သည်နှင့် ခံစားခွင့်ရရှိသည့် အထူးကင်းလွတ်ခွင့်များနှင့် ရာထူးမှဖယ်ရှားရေး လုပ်ငန်းစဉ်များအကြား ဟန်ချက်ညီ မျှတမည့် တူညီသော အခြေခံမှုများကို ကျင့်သုံးရမည်ဖြစ်သည်။

- တရားသူကြီးများအား နိုင့်ထက်စီးနင်းသဘောဖြင့် ရာထူးမှဖယ်ရှားခြင်း မဖြစ်စေရ။
- ရာထူးခန့်အပ်သည့် အာဏာပိုင်များအပေါ် (မိမိ၏ ပထမဆုံး ရာထူးအာဏာကို အပ်နှင်းပေးခဲ့သည့်အတွက် ပုဂ္ဂိုလ်ရေးအရ ကျေးဇူးခံကျေးဇူးစားသဘောမျိုး ဖြစ်နေ၍သော်လည်းကောင်း သို့မဟုတ် နောင်တွင် ရာထူးတိုးမြှင့်ခန့်ထားရေးအတွက် မျှော်လင့်၍သော်လည်းကောင်း) အမှီသဟဲ မပြုသင့်ပေ။
- လွတ်လပ်မှု သို့မဟုတ် တရားမျှတမှုကို ယုတ်လျော့စေမည့် မည်သည့် မလျော်ဩဇာကိုမဆို သို့မဟုတ် နိုင်ငံရေးလွှမ်းမိုးမှုများကို နာခံရခြင်း မဖြစ်သင့်ပေ။
- သို့သော်ငြားလည်း တရားသူကြီးများသည် ယုံကြည်မှုအရ အပ်နှင်းထားသည့် ၎င်းတို့၏ ရာထူးကို အလွဲသုံးစားလုပ်သည့် သို့မဟုတ် မိမိတို့၏တာဝန်ကို လျစ်လျူရှုသည့် တရားသူကြီးများအား စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းခြင်း သို့မဟုတ် အမှန်တကယ် ထုတ်ပယ်နိုင်သည့်ယန္တရားများဖြင့် ဆောင်ရွက်ခြင်းမှတဆင့် တာဝန်ခံမှုရှိရမည်ဖြစ်သည်။

ဤစာစောင်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်သူများအား မိမိတို့ကျင့်သုံးမည့် နိုင်ငံရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ရေခံမြေခံအခြေအနေများတွင် ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ ပြဌာန်းချက်များ လက်တွေ့ထိရောက်စေရေးကို အထိုက်အလျောက်အလေးပေးခြင်းဖြင့် (တစ်ခုနှင့် တစ်ခု ဗီလာသည့်) အထက်ဖော်ပြပါ စဉ်းစားချက်များအကြား သင့်တော်သော ဟန်ချက်ညီမျှတမှု တစ်ခုဖွေရှာနိုင်ရန် ရည်ရွယ်သည်။

# ၃။ စံချိန်စံညွှန်းများနှင့် အခြေခံမူများ

တရားသူကြီးများသည် ရာထူးတည်မြဲပိုင်ခွင့်ဖြင့် မိမိတို့၏တရားစီရင်ရေးဆိုင်ရာ တာဝန်များကို ထမ်းရွက်ရမည်။ ထိုအချက်သည် ၎င်းတို့၏ ရာထူးသက်တမ်း၊ ၎င်းတို့ပေးအပ်သည့်အထောက်အပံ့ အတွက် ခံစားခွင့်များ၊ ၎င်းတို့၏တာဝန်အတွက် ကြိုတင်ကာကွယ်ရမည့်အရာများနှင့် အဓိက သက်ဆိုင်သည်။

—Alexander Hamilton (၁၇၈၈)

## နိုင်ငံတော်အဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုံမှန်ကျင့်သုံးမှု

တရားသူကြီးများအား အဓမ္မဆန်ဆန် ရာထူးဖယ်ရှားခြင်းမှ အကာအကွယ်ပေးခြင်းနှင့်အတူ တရားရေးဆိုင်ရာ လွတ်လပ်ခွင့်အတွက် အခြားအာမခံချက်များကို ကမ္ဘာတစ်ဝှမ်းရှိ အစိုးရများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်တွင် အရေးကြီးသော အင်္ဂါရပ်အစိတ်အပိုင်းအဖြစ် အသိအမှတ်ပြုကြသည်။ ဥပမာ အင်မတန်မှ သြဇာလွှမ်းမိုးသည့် ဘယ်လ်ဂျီယံ ဖွဲ့စည်းပုံအခြေခံဥပဒေ ၁၈၃၁ တွင် "တရားသူကြီးများအား ရာသက်ပန် ခန့်အပ်ထားခြင်းဖြစ်သည်။ တရားရုံး၏ စီရင်ဆုံးဖြတ်ချက်မှ မဟုတ်ဘဲ တရားသူကြီးများအား အခြားမည်သည့်အကြောင်းကြောင့်ဖြင့် ရာထူးမှ ထုတ်ပယ်ခြင်း၊ ရပ်ဆိုင်းခြင်းမျိုး မပြုလုပ်ရ။ လူသစ်ခန့်အပ်ခြင်း သို့မဟုတ် မိမိဆန္ဒအလျောက် နယ်ပြောင်းရွှေ့ ခြင်းမှလွဲ၍ မည်သည့်အကြောင်းကြောင်းဖြင့် တရားသူကြီးများအား နယ်ပြောင်းရွှေ့ခြင်း မပြုလုပ်ရ" ဟု (ပုဒ်မ ၁၀၀) တွင် ဖော်ပြထားသည်။ ထိုဖွဲ့စည်းပုံအခြေခံဥပဒေ၏ (ပုဒ်မ ၁၀၂တွင်) "တရားရေး အဖွဲ့ဝင်များ၏ လစာတို့အား ဥပဒေဖြင့် ပြဋ္ဌာန်းသတ်မှတ်သည်" ဟု ဖော်ပြထားသည်။ (ပုဒ်မ ၁၀၃ တွင်လည်း) အခြားတရားရုံးများတွင် သီးခြားလစာယူ၍ ဆောင်ရွက်ခြင်းမပြုလုပ်ရန် တရားသူကြီး များအား တားမြစ်ထားသည်။

တရားရုံး၏စီရင်ဆုံးဖြတ်ချက်ဖြင့်ရာထူးမှထုတ်ပယ်ခြင်းဆိုသည်မှာတရားရေးဆိုင်ရာအဖွဲ့သည် ပြစ်မှုနှင့် စည်းကမ်းထိန်းသိမ်းရေး ဥပဒေများအား အာဏာသက်ရောက်စေခြင်းဖြင့် မိမိတို့၏အဖွဲ့ဝင် များ ကောင်းစွာပြုမူဆောင်ရွက်စေရန်နှင့် အသက်မွေးဝမ်းကြောင်းဆိုင်ရာ ဂုဏ်သိက္ခာတို့ကို စောင့် ထိန်းရန် တာဝန်ရှိခြင်းကို ဆိုလိုခဲ့သည်။ လက်တင်အမေရိက၊ အရှေ့ဥရောပ၊ အရှေ့အလယ်ပိုင်းနှင့် အရှေ့အာရှတို့တွင် ဖွဲ့စည်းပုံအခြေခံဥပဒေစနစ် ရောက်ရှိပျံ့နှံ့လာခဲ့သည့်အတွက် အလားတူ ပြဋ္ဌာန်းချက်များကို အခြားဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းလာခဲ့ကြသည်။ မျက်မှောက်ခေတ်

တွင် တရားသူကြီးများအား အဓမ္မနည်းလမ်းဖြင့် ရာထူးမှ ထုတ်ပယ်ခြင်းအား အကာအကွယ်ပေးသည့် ပြဋ္ဌာန်းချက်များအား ဒီမိုကရေစီစနစ် စတင်အသွင်ပြောင်းသည့် သို့မဟုတ် ဒီမိုကရေစီစနစ်သို့ ပြန်လည်အသွင်ပြောင်းသည့် နိုင်ငံအားလုံးနီးပါး၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် ထည့်သွင်းကြသည်။ ထိုသို့သော ပြဋ္ဌာန်းချက်မျိုးကို လျစ်လျူရှုခြင်း သို့မဟုတ် ပြဋ္ဌာန်းရန်ပျက်ကွက်ခြင်းသည် လုပ်ထုံးလုပ်နည်းမကျသော လုပ်ရပ်တစ်ခုဖြစ်ပြီး တရားရေးအဖွဲ့၏ တရားဝင်မှုနှင့် ထိရောက်မှုအပေါ်တွင် ကြီးစွာသော ဆိုးကျိုးများ ဖြစ်ပေါ်စေမည်ဖြစ်သည်။

## နိုင်ငံတကာ စံချိန်စံညွှန်းများ

ကောင်းမွန်သောအုပ်ချုပ်မှုနှင့် ပြင်ပနှင့် နိုင်ငံတွင်း တရားဝင်ဖြစ်စေမှုတို့၏ အခြေခံအကြောင်းအရင်းအဖြစ် ရည်ရွယ်သည့်အတွက် ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးဖြစ်စဉ်ရှိ သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲတည်ဆောက်လျက်ရှိသည့် နိုင်ငံတစ်နိုင်ငံသည် တရားရေးဆိုင်ရာ ရာထူး ထုတ်ပယ်မှု၊ အထူးကင်းလွတ်ခွင့်နှင့် တာဝန်ခံမှုများဆိုင်ရာ ပြဋ္ဌာန်းချက်များကို နိုင်ငံတကာစံချိန်စံညွှန်းများနှင့် ကိုက်ညီမှုရှိစေရန် မဖြစ်မနေဆောင်ရွက်လိုမည်ဖြစ်သည်။

ဥပမာ ထိုစံချိန်စံညွှန်းများတွင် နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အပြည်ပြည်ဆိုင်ရာ သဘောတူစာချုပ် အပိုဒ် (၁၄) တွင်"မည်သူ့ကိုမဆို ဥပဒေဖြင့် အပ်နှင်းထားသည့် စီရင်ပိုင်ခွင့်အာဏာရှိပြီး လွတ်လပ်၍ တရားမျှတသောခုံရုံးဖြင့် စစ်ဆေးစီရင်ရာတွင် မျှတ၍ လူထုကြားနာနိုင်ခွင့် ရှိရမည်" ဆိုသည့် အချက်ပါဝင်သည်။

တရားရေးဆိုင်ရာအဖွဲ့၏ လွတ်လပ်ခွင့်အတွက် ကုလသမဂ္ဂ၏ အခြေခံမူများ (၁၉၈၅) တွင် "တရားသူကြီးများ၏ ရာထူးသက်တမ်း၊ လွတ်လပ်ခွင့်၊ လုံခြုံရေး၊ လုံလောက်သော ခံစားခွင့်များ၊ အလုပ်နှင့်စပ်လျဉ်းသည့် အခြေအနေများ၊ ပင်စာလစာနှင့် ပင်စင်ယူရမည့်အသက် စသည်တို့ကို ဥပဒေဖြင့် အကာအကွယ်ပေးရမည်။ တရားသူကြီးများသည် သတ်မှတ်ထားသည့် ပင်စင်ယူရမည့်အသက်အရွယ်ရောက်သည့် သို့မဟုတ် ၎င်းတို့၏ ရာထူးသက်တမ်းကုန်ဆုံးသည့်အချိန်တိုင် ရာထူးတည်မြဲရေး အာမခံချက်များ ရှိရမည်။ မစွမ်းဆောင်နိုင်သည့် သို့မဟုတ် မိမိတို့၏တာဝန်များကို ထမ်းဆောင်ရန် သင့်တော်သည့် ပြုမူဆောင်ရွက်ချက်များမရှိသည့် ရည်ရွယ်ချက်မျိုးဖြင့်သာ ရာထူးဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းတို့ကို ပြုလုပ်ရမည်"ဟု ဖော်ပြထားသည်။

အပြည်ပြည်ဆိုင်ရာ ရှေ့နေများအသင်းအဖွဲ့၏ တရားစီရင်ရေးဆိုင်ရာလွတ်လပ်ခွင့် အနိမ့်ဆုံးစံသတ်မှတ်ချက် (၁၉၈၂) တွင် တရားရေးဆိုင်ရာရာထူးခန့်အပ်မှုများသည် ပုံမှန်အားဖြင့် ခန့်အပ်သည့်အချိန်မှစ၍ ဘဝတစ်သက်တာရည်ရွယ်ပြီး ဥပဒေမှသတ်မှတ်ထားသည့် မဖြစ်မနေပင်စင်ယူရမည့်အချိန်၌သာ ရာထူးမှအနားယူရမည် ဖြစ်သည်။ တရားသူကြီးများအား ထုတ်ပယ်ရသည့် အကြောင်းရင်းများကို ဥပဒေဖြင့်ပြဋ္ဌာန်းသတ်မှတ်၍ ကောင်းစွာအဓိပ္ပါယ်ဖွင့်ဆိုရမည်ဖြစ်သည်။ ပြစ်မှုဆိုင်ရာကျူးလွန်ခြင်း သို့မဟုတ် မိမိ၏တာဝန်နှင့် ဝတ္တရားများကို ကြိမ်ဖန်များစွာ သို့မဟုတ် ထပ်ခါထပ်ခါမျက်ကွယ်ပြုခြင်း သို့မဟုတ် တရားသူကြီးတစ်ဦး၏ တာဝန်ကိုဆက်လက်ထမ်းဆောင်ရန်အတွက်

ရုပ်ပိုင်းအရ သို့မဟုတ် ဉာဏပိုင်းအရ မစွမ်းဆောင်နိုင်ကြောင်း ၎င်းတို့ကိုယ်တိုင် ထင်ရှားစေခြင်း စသည့်အခြေအနေများမှလွဲ၍ ရာထူးမှထုတ်ပယ်ခြင်း မခံစေရ” ဟု ဖော်ပြထား သည်။

နောက်သာဓကတစ်ခုမှာ ဓနသဟာယ အဖွဲ့ဝင်များအတွက်သာ အကျုံးဝင်သည့် ပါလီမန် လွှမ်းမိုးမှုနှင့် တရားရေးလွတ်လပ်မှု (၁၉၉၈) ဆိုင်ရာ Latimer လွှတ်တော်လမ်းညွှန်ချက်တွင် တရားသူကြီးများ မစွမ်းဆောင်နိုင်သည့်အခြေအနေ သို့မဟုတ် ၎င်းတို့၏တာဝန်နှင့် ဝတ္တရားများအား ဆက်လက်ထမ်းရွက်ရန် မသင့်တော်သည့် အပြုအမူမျိုး အထင်အရှားပြသည့် အခြေအနေမှသာ ၎င်းတို့အား တာဝန်မှရပ်စဲခြင်း သို့မဟုတ် ဆိုင်းငံ့ခြင်းတို့ကို ပြုလုပ်နိုင်သည်ဟု ဖော်ပြထားသည်။ ထိုလမ်းညွှန်ချက်တွင် အဆောင်အယောင်သတ်မှတ်ချက် အဆင့်ဆင့်တို့ကို အကာအကွယ်ပေးခြင်းနှင့် ရာထူးအာဏာ သက်တမ်းအပြည့်အဝတည်မြဲရေးအတွက် သင့်တော်သည့် အကာအကွယ်ပေးခြင်းဆိုင်ရာအစီအမံများကို ထားရှိရမည် ဟုလည်း ဖော်ပြထားသည်။

## စဉ်းစားစရာ အချက် (၁)

တရားရေးဆိုင်ရာ ရာထူးခန့်အပ်ရေးယန္တရားများနှင့် အရည်အချင်းများ၊ တရားရေးဆိုင်ရာ အထူးကင်းလွတ်ခွင့်များနှင့် ရာထူးမှရပ်စဲရေးယန္တရားများမှာ အလုံးစုံထည့်သွင်းရေးစွဲထားသည့် တရားရေးပုံစံတစ်ခု၏ အစိတ်အပိုင်းနှစ်ရပ် ဖြစ်သည်။ ထိုအစိတ်အပိုင်းနှစ်ရပ်အား သီးခြားစီခွဲ၍ ရှုမြင်သုံးသပ်၍ မရနိုင်ပေ။ နိုင်ငံရေးစနစ်မှ သီးခြားစနစ်တစ်ခုအနေဖြင့်လည်း ခွဲထုတ်၍ မရနိုင်ပေ။ တရားရေးနှင့် စပ်လျဉ်းသည့် ပြဿနာချက်များကို အပြန်အလှန် ထိန်းကျောင်းစောင့်ကြည့်မှု အစီအစဉ်တစ်ရပ်လုံး၏ အစိတ်အပိုင်းတစ်ခုအဖြစ် ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

# ၄။ တရားရေးဆိုင်ရာရာထူးသက်တမ်း

တရားသူကြီးများအား ဘဝတစ်သက်တာ (သို့မဟုတ် ပင်စင်ယူသည့်အချိန်တိုင်) သို့မဟုတ် ရာထူးကာလ သတ်မှတ်ချက်ဖြင့် ခန့်အပ်နိုင်သည်။ ရာထူးသက်တမ်း ရှည်ကြာစွာထားရှိခြင်း သို့မဟုတ် ဘဝတစ်သက်တာ ရာထူးအာဏာ တည်မြဲခွင့်သည် တရားရေးဆိုင်ရာ လွတ်လပ်ခွင့်ကို မြှင့်တင်လိုဟန် ရည်ရွယ်သော်ငြားလည်း (သင့်တော်မှု မရှိသည့် တရားသူကြီးတစ်ဦးအား ရာထူးမှ ရပ်စဲရန်အတွက် အခြားနည်းလမ်းမရှိလျှင်) တရားရေးဆိုင်ရာ တာဝန်ခံမှုကို အားပျော့စေမည့် ဆုံးရှုံးမှုမျိုးလည်း ရှိသည်။ တာဝန်ထမ်းဆောင်သည့်သက်တမ်းကာလကို တိုတောင်းစွာ ထားရှိမည်ဆိုလျှင် ဆန့်ကျင်ဘက်ရလဒ် ရရှိလိမ့်မည်ဖြစ်သည်။ အလုပ်ပြန်လည်လျှောက်ထားသည့် တရားသူကြီးများသည် မိမိတို့၏ ရာထူးတည်မြဲရန်အတွက် ခန့်အပ်ရေးအဖွဲ့ အားရကျေနပ်စေရန်လည်းကောင်း ထိုအဖွဲ့၏ အမိန့်နာခံရန်လည်းကောင်း လိုအပ်လိမ့်မည်ဖြစ်သည်။ ပြန်လည်ခန့်အပ်ရန် အကျုံးမဝင်သည့် တရားသူကြီးများသည် အခြားနေရာတစ်ခုတွင် အလုပ်ရရှိရန် ကြိုးပမ်းကြလိမ့်မည်ဖြစ်သည်။ မည်သို့ပင်ဆိုစေကာမူ ထိုအခြေအနေနှစ်ရပ်သည် တရားရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ထိခိုက်စေမည် ဖြစ်သည်။

## ကောင်းမွန်စွာ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရာထူးတည်မြဲခွင့်နှင့် ပင်စင်ယူရမည့် အသက်အရွယ်

ကောင်းမွန်စွာ တာဝန်ထမ်းဆောင်စဉ်ကာလအတွင်း ရာထူးခန့်အပ်ခြင်းဆိုသည်မှာ ခန့်အပ်သည်နှင့်တပြိုင်နက် တရားသူကြီးသည် ကောင်းစွာပြုမူဆောင်ရွက်ခြင်း မပြုသည့်အတွက် ရာထူးမှ ရပ်စဲခံရခြင်းမှအပ (ကောင်းစွာပြုမူ ဆောင်ရွက်ခြင်းမပြုမှုဆိုသည်မှာ ပုံမှန်အားဖြင့် အကျင့်ပျက်ခြစားခြင်း သို့မဟုတ် ယုံကြည်စွာအပ်နှင်းထားသော အာဏာရာထူးကို အခြားအလွဲသုံးစားလုပ်ဖောက်ဖျက်ခြင်း သို့မဟုတ် တာဝန်ဝတ္တရားအား တမင်လစ်ဟင်းခြင်းဟု အဓိပ္ပါယ်ဖွင့်ဆိုလေ့ရှိသည်) မိမိတို့၏ တာဝန်များကို တစ်သက်တာ ထမ်းဆောင်သင့်သည်ဟု အဓိပ္ပါယ်သက်ရောက်သည်။ ထိုအစီအမံကို မည်သည့်အစိုးရ၌မဆို ပြုလုပ်နိုင်ပြီး ဥပဒေများအား တည်မြဲဖြောင့်မတ်၍ သမာသမတ်ကျသော စီမံမှုမျိုးဖြင့် အကာအကွယ်ပေးရန်အတွက် အကောင်းဆုံး နည်းလမ်းတစ်ရပ်အဖြစ် ဖော်ပြလေ့ရှိကြသည် (Hamilton ၁၇၈၈)။ သို့သော်ငြားလည်း မလျော်ကန်သည့် ပြုမူဆောင်ရွက်မှုမျိုးကျူးလွန်မှသာ တစ်သက်တာ ရာထူးတည်မြဲရေးကို ရုတ်သိမ်းနိုင်သည်ဆိုသည့် အစီအမံသည်

အသက်အရွယ် အိုမင်းသူများအနေဖြင့် ကျန်းမာရေးချို့ယွင်းလာသည့်တိုင် တရားသူကြီးများအဖြစ် ဆက်လက်တာဝန် ထမ်းဆောင်သည်ဆိုသည့် အဓိပ္ပါယ်မျိုးလည်း သက်ရောက်နိုင်သည်။ ထို့ပြင် ဝန်ထမ်း အဝင်အထွက်လည်း နှေးကွေးနိုင်ပြီး၊ လစ်လပ်ရာထူးနေရာများလည်း ပုံမှန်မဖြစ်သည့်အတွက် ရာထူးခန့်အပ်မှုအသီးသီးအတွက် မရေရာမှုနှင့် ဆိုးကျိုးများ ပေါ်ပေါက်နိုင်ချေရှိသည်။ ဥပမာ Oliver Wendell Holmes သည် အမေရိကန်တရားလွှတ်တော်ချုပ်မှ ပင်စင်ယူသည့်အချိန်တွင် ၎င်း၏အသက်မှာ ၉၀ ဖြစ်သည်။ ထိုအခြေအနေကို ရှောင်ရှားရန်အတွက် ကနေဒါ၊ ဂျာမဏီ၊ အိန္ဒိယ၊ ကင်ညာ၊ နယ်သာလန်နှင့် တောင်အာဖရိကနိုင်ငံများ အပါအဝင် နိုင်ငံအသီးသီးတို့၌ ယခုအခါ တရားသူကြီးများအတွက် ပင်စင်မဖြစ်မနေယူရမည့်အသက်ကို ပြဋ္ဌာန်းထားရှိသည်။

တရားရေးဆိုင်ရာ ပင်စင်မှာ (တစ်နေရာနှင့် တစ်နေရာ) မတူညီကြပေ။ ဥပမာ အိန္ဒိယတွင် ၆၂ နှစ်အဖြစ်သတ်မှတ်ထားပြီး နယ်သာလန်နိုင်ငံ၌ ၇၀ နှစ် သတ်မှတ်ထားသည်) အသင့်တော်ဆုံးပင်စင်ယူရမည့် အသက်သတ်မှတ်ချက်ကို တိတိကျကျသတ်မှတ်ရန် မလွယ်ကူပေ။ အကယ်၍ သတ်မှတ်ချက်မြင့်လွန်းလျှင် အသက်အရွယ်အိုမင်းသည့် တရားသူကြီးများသည် ၎င်းတို့၏ဉာဏစွမ်းရည် ယိုယွင်းကျဆင်းလာသည့်အချိန်တိုင် တရားသူကြီးထိုင်ခုံပေါ်တွင် ဆက်လက်တည်ရှိနေမည်ဖြစ်ပြီး သာမာန်လူထု၏ တွေးမြင်ယူဆပုံနှင့် အလှမ်းဝေးကွာလာနိုင်သည်။ ပင်စင်ယူရမည့် အသက်သတ်မှတ်ချက်နိမ့်လွန်းလျှင် တရားသူကြီးများမှာ တိုတောင်းလွန်းသည့် သက်တမ်းကာလတစ်ခုအတွင်းသာ တာဝန်ထမ်းဆောင်ရမည်ဖြစ်ပြီး ၎င်းတို့ ကျန်းမာသန်စွမ်းသည့် အချိန်တွင် ပင်စင်ယူရမည်ဖြစ်ကာ အခြားနောက်ထပ် ရာထူးခန့်အပ်မှုရရှိရန် ကြိုးပမ်းကြရမည်ဖြစ်သည်။ ထိုသို့ပြုလုပ်ခြင်းသည် ရာထူးခန့်အပ်ရန် မက်လုံးပေးမည့်သူများကြောင့် အကျင့်ပျက်ချစားနိုင်သည့် အားနည်းချက်မျိုး ဖြစ်ပေါ်စေနိုင်သည်။

အကယ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသူများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ပင်စင်ယူရမည့် အသက်အရွယ် သတ်မှတ်ချက် သို့မဟုတ် သင့်တော်သည့် ပင်စင်ယူရမည့် အသက်အရွယ်ကို အသေးစိတ်မဖော်ပြလိုလျှင် "ဥပဒေမှ ပြဋ္ဌာန်းသတ်မှတ်ထားသည့် အသက်အရွယ်တွင် ပင်စင်ယူရမည်"ဆိုသည့်စကားရပ်အသုံးပြုနိုင်သည်။ထိုသို့သောပြဋ္ဌာန်းချက်များကိုကြိုးကိုင်ချယ်လှယ်ခြင်းမှ ကြိုတင်ကာကွယ်နိုင်ရန်အတွက် "ပင်စင်ယူရမည့် အသက်အရွယ်ကို ထပ်ဆောင်းလျှော့ချခြင်းသည် လက်ရှိ (ခန့်အပ်ထားသော) တရားသူကြီးများ၏ သဘောဆန္ဒမပါလျှင် အကျုံးမဝင်" ဟု ထည့်သွင်း ပြဋ္ဌာန်းနိုင်သည်။ ပင်စင်ယူရမည့် အသက်အရွယ်ကို တိုးမြှင့်ခြင်းစနစ်အား တရားလွှတ်တော်ချုပ် တရားသူကြီးများအတွက် ကျင့်သုံးလေ့ရှိသည်။ အဘယ့်ကြောင့်ဆိုသော် တရားလွှတ်တော်ချုပ် တရားသူကြီးအဖြစ် တိုးမြှင့်ခန့်ထားသည့် အချိန်မှာ (သာမာန်) တရားသူကြီး ရာထူးသက်တမ်း ကုန်ဆုံးသည့် အချိန်၌သာ ခန့်အပ်လေ့ရှိသည် ဆိုသည့်အချက်ကို ထည့်သွင်းစဉ်းစားဆုံးဖြတ်သောကြောင့်ဖြစ်သည်။ သာဓက တစ်ခုမှာ ဂျပန်နိုင်ငံ၌ တရားလွှတ်တော်ချုပ် တရားသူကြီးများသည် အသက် ၇၀ ၌ ပင်စင်ယူကြပြီး အောက်တရားရုံးများမှ တရားသူကြီးများမှာ အသက် ၆၅ တွင် ပင်စင်ယူကြသည် (Bridge ၂၀၀၇:၁၆)

## ရာထူးသက်တမ်းကို ကာလအကန့်အသတ်ဖြင့်ထားရှိခြင်းနှင့် ပြန်လည်ခန့်အပ်ခြင်း

တရားမဥပဒေကျင့်သုံးသည့် နိုင်ငံများတွင် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး တရားသူကြီးများမှာ ကာလအကန့်အသတ်ဖြင့် တာဝန်ထမ်းဆောင်ကြလေ့ရှိပြီး ၎င်းသည် သမားရိုးကျဖြစ်စဉ်တစ်ခုဖြစ်သည်။ ဥပမာ ဂျာမဏီနိုင်ငံတွင် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးများသည် ၁၂ နှစ်တာ တာဝန်ထမ်းဆောင်ပြီး ပြင်သစ်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီဝင်များမှာ ၉ နှစ်ရာထူး သက်တမ်းဖြင့် တာဝန်ထမ်းဆောင်ကြသည်။ ပုံမှန်အားဖြင့် ကာလအကန့်အသတ်များကို တစ်ထပ်တည်း မကျစေရန် အချိန်ဇယားရေးဆွဲသတ်မှတ်ထားသည်။ သို့မှသာ တရားရုံး၏ ပေါင်းစပ်ဖွဲ့စည်းပုံကို တစ်ဝက်၊ သုံးပုံတစ်ပုံ၊ သို့မဟုတ် လေးပုံတစ်ပုံနှုန်းဖြင့် ပြန်လည်လူသစ်လဲ အစားထိုးနိုင်မည်ဖြစ်သည်။ ထိုစနစ်သည် ကျင့်သုံးသည့် ရာထူးသက်တမ်းကာလအပေါ်မူတည်ပြီး ဘဝတစ်သက်တာ ရာထူးတည်မြဲပိုင်ခွင့် (လုံခြုံမှုရှိပြီး ဖယ်ရှား၍ မရသည့်အတွက် တရားရေးဆိုင်ရာလွတ်လပ်မှုရှိခြင်း) ကောင်းကျိုးအချို့ရှိပြီး ၎င်းတို့ကို တရားသူကြီးများ ထပ်ဆောင်းကာလတိုး တာဝန်ထမ်းဆောင်မည့် အခြေအနေမှ ကြိုတင်ရှောင်ရှားနိုင်ရန်အတွက် တာဝန်အလှည့်ကျယူသည့်စနစ်ဖြင့် ပေါင်းစပ်နိုင်စေမည်ဖြစ်သည်။

ကာလအကန့်အသတ်ဖြင့် တာဝန်ထမ်းဆောင်သည့် တရားသူကြီးများသည် ပြန်လည်ခန့်ထားမှုအတွက်ပြန်လည်လျှောက်ထားနိုင်ခွင့်ရှိသလို လျှောက်ထားနိုင်ခွင့် မရှိသည်လည်း ဖြစ်နိုင်သည်။ အကယ်၍ ပြန်လည်ခန့်အပ်ရန်အတွက် လျှောက်ထားနိုင်လျှင် ရာထူးခန့်အပ်ရေး အဖွဲ့အပေါ် တရားသူကြီးများမှ အမှီသဟဲပြုရမည်ဖြစ်သည်။ ထိုသို့ အမှီသဟဲပြုရသည့် အတိုင်းအတာသည် ရာထူးသက်တမ်းကာလ အတိုင်းအတာပေါ်တွင် များစွာမူတည်မည်ဖြစ်သည့်အတွက် တရားသူကြီးများ ပြန်လည်ခန့်အပ်ရေးအတွက် လျှောက်ထားသည့် အကြိမ်အရေအတွက်ပေါ်တွင်လည်း သက်ရောက်မှုရှိမည်ဖြစ်သည်။ အကယ်၍ပြန်လည်ခန့်ထားရန် လျှောက်ထားခွင့်မရှိလျှင် ပြန်လည်ခန့်အပ်ရေးအဖွဲ့၏ သြဇာလွှမ်းမိုးမှု လွတ်ကင်းမည်ဖြစ်သည်။ သို့သော် ၎င်းတို့၏ ရာထူးသက်တမ်း သတ်မှတ်ချက်ကာလ၊ ပင်စင်လစာနှင့်၊ နောင်တွင် အလုပ်အကိုင်မျှော်လင့်ချက်တို့အပေါ်မူတည်၍ အခြားတစ်နေရာ၌ အလုပ်ရှာရန် ဆန္ဒပြင်းပြကောင်း ပြင်းပြနိုင်သည်။

ပိုမိုရှည်ကြာသော ရာထူးသက်တမ်းသတ်မှတ်ချက်နှင့် ပြန်လည်ခန့်ထားရေးအပေါ် တားမြစ်ခြင်း သတ်မှတ်ချက်များအား ပေါင်းစပ်ဖွဲ့စည်းထားသည့် စနစ်သည် ပို၍လွတ်လပ်သော တရားရေးပုဂ္ဂိုလ်များကို မွေးထုတ်ပေးနိုင်သည်ဟု ယေဘုယျအားဖြင့် လက်ခံယုံကြည်ကြသည် (ဂျာမဏီတွင် ပြည်ထောင်စုအဆင့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ တရားရုံးများ၏ တရားသူကြီးများသည် ၁၂ နှစ်တာ တာဝန်ထမ်းဆောင်ပြီးနောက်တွင် ပြန်လည်လျှောက်ထားရန် အရည်အချင်း မပြည့်မီတော့ပေ)။ ကာလတို သတ်မှတ်ခြင်းနှင့် ပြန်လည်ခန့်အပ်ရန် အရည်အချင်းပြည့်မီခွင့်ပေးခြင်းသည် တရားရေးအဖွဲ့အား (ခန့်အပ်ရေးအဖွဲ့ကို) လုပ်စေသည်။ (ဂွာတီမာလာတွင် တရားလွှတ်တော်ချုပ် တရားသူကြီးများသည် ၅ နှစ်တာ တာဝန်ထမ်းဆောင်ခွင့်ရှိပြီး ထိုငါးနှစ်ပြီးလျှင် ဥပဒေပြုအဖွဲ့၏ ပြန်လည်ရွေးကောက်တင်မြှောက်ခြင်းခံရသည်။)။

# ၅။ တရားသူကြီးများအား စည်းမျဉ်းစည်းကမ်းဖြင့် ထိန်းကျောင်းခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်း

တရားသူကြီးများအား အဓမ္မနည်းလမ်းဖြင့် ထုတ်ပယ်ခြင်း၊ နယ်ပြောင်းရွှေ့ခြင်း သို့မဟုတ် ရာထူးလျှော့ချခြင်းနှင့် ပြစ်မှုဆိုင်ရာ ရာဇဝတ်မှုများဖောက်ဖျက်ကျူးလွန် အကျင့်ပျက်ချစားသည့် သို့မဟုတ် အရည်အချင်းနှင့် စွမ်းရည်မပြည့်မီသည့် တရားသူကြီးများကို စွပ်စွဲပြစ်တင် ထုတ်ပယ်ခြင်းတို့အကြား အဆင်ပြေမည့် ဟန်ချက်ညီမျှတမှုကို ရှာဖွေရာတွင် (က) ထုတ်ပယ်ရေးနည်းလမ်း (ဥပမာ တရားသူကြီးများအား ရာထူးမှ မည်ကဲ့သို့ထုတ်ပယ်မည်နှင့် မည်သူကထုတ်ပယ်မည်) (ခ) ထုတ်ပယ်ရသည့် အကြောင်းရင်းများ (ဥပမာ ထုတ်ပယ်ခြင်းကို မည်သည့်အခြေအနေမျိုးတွင် ခွင့်ပြုသင့်သည်) ကို ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။

လက်ရှိ ဒီမိုကရေစီကျသော ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တရားရေးဆိုင်ရာပုဂ္ဂိုလ်များ ထုတ်ပယ်ရေးနည်းလမ်း သုံးရပ်ကို တွေ့မြင်နိုင်သည်။

၁။ တရားရုံး၏ စီရင်ဆုံးဖြတ်ချက် သို့မဟုတ် တရားရေးအဖွဲ့အတွင်းရှိ စည်းမျဉ်းစည်းကမ်းဆိုင်ရာ လုပ်ငန်းစဉ်ဖြင့် ထုတ်ပယ်ခြင်း

၂။ နိုင်ငံရေးတွင် အဓိက ပါဝင်ဆောင်ရွက်သူမှ ထုတ်ပယ်ခြင်း (ဥပဒေပြုအဖွဲ့မှ ထိုသို့ထုတ်ပယ်ရန်လုံလောက်သော အကြောင်းချင်းရာရှိသည်ဟု ယူဆသည့်အတွက် ထိုတရားသူကြီးအား ထုတ်ပယ်ရန် ဥပဒေပြုအဖွဲ့မှ ပန်ကြားခြင်း)

၃။ နိုင်ငံရေးနှင့် ဥပဒေရေး ဆုံးဖြတ်ချက်များပေါင်းစပ်၍ စွပ်စွဲပြစ်တင်ခြင်း

တရားရုံး၏ စီရင်ဆုံးဖြတ်ချက်ဖြင့် ထုတ်ပယ်ခြင်းမှာ တရားမဥပဒေကျင့်သုံးသည့်စနစ်တွင် ပိုမိုတွေ့ရပြီး အင်္ဂလိပ်ရိုးရာဥပဒေကျင့်သုံးသည့် စီရင်ပိုင်ခွင့်အာဏာများမှာ လွှတ်တော်၏ ပန်ကြားမှု သို့မဟုတ် စွပ်စွဲပြစ်တင်မှုမှတဆင့် ထုတ်ပယ်ခြင်းစနစ်ကို အစဉ်အလာအရ ကျင့်သုံးသည်။

## တရားရုံး၏စီရင်ချက်ဖြင့် သို့မဟုတ် စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများဖြင့်ထုတ်ပယ်ခြင်း

တရားသူကြီးများ ဘဝတစ်သက်တာ (သို့မဟုတ် ပင်စင်ယူသည့်အချိန်အထိ) တာဝန်ထမ်းဆောင်စေပြီး ပြစ်မှုဆိုင်ရာဖောက်ဖျက်ကျူးလွန်မှု သို့မဟုတ် လက်မခံနိုင်သော အပြုအမူတစ်ရပ်ရပ်ကိုကျူးလွန်ပါက စီရင်ပိုင်ခွင့်ရှိသော တရားရုံး၏စီရင်ဆုံးဖြတ်ချက်ဖြင့် ထိုတရားသူကြီးကို ရာထူးမှ

ထုတ်ပယ်ခြင်းပြုလုပ်သည်။ အထူးသဖြင့် တရားမဥပဒေကျင့်သုံးသည့် ကျင့်သုံးသည့်နိုင်ငံများတွင် ထိုနည်းလမ်းကို တွင်တွင်ကျယ်ကျယ် အသုံးပြုကြသည်။ နယ်သာလန်နိုင်ငံ၏ ၂၀၀၈ ဖွဲ့စည်းပုံ အခြေခံဥပဒေကို ထိုနည်းလမ်းကျင့်သုံးသည့် ဥပဒေတစ်ခုအဖြစ် မှတ်ယူနိုင်ပါသည်။ ၎င်း၏ ပုဒ်မ (၁၁၇) တွင် "တရားရေးအဖွဲ့ဝင်များအား ဘဝတစ်သက်တာ ရာထူးခန့်အပ်သည်။ ထိုပုဂ္ဂိုလ်တို့သည် မိမိ၏အလုပ်တာဝန်မှ ရပ်နားသည့်အချိန် သို့တည်းမဟုတ် လွှတ်တော်အက်ဥပဒေမှ သတ်မှတ် ပြဋ္ဌာန်းထားသည့် (ပင်စင်ယူရမည့်) အသက်အရွယ်ရောက်ရှိချိန်တွင် တာဝန်ထမ်းဆောင်မှု ရပ်စဲရမည်။ လွှတ်တော်အက်ဥပဒေဖြင့် မဖောက်ဖျက်ရန် ချမှတ်ထားသော အမှုကိစ္စများကို ကျူးလွန်သည့် ပုဂ္ဂိုလ်တို့အား ဖော်ပြပါလွှတ်တော်အက်ဥပဒေမှ ခန့်အပ်ထားသည့် တရားရေး၏ အစိတ်အပိုင်းတစ်ရပ်ဖြစ်သောတရားရုံးမှဆိုင်းငံ့ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်း ပြုလုပ်နိုင်သည်" ဟု ပြဋ္ဌာန်းထားသည်။ ပြင်သစ်နိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်းမျဉ်းစည်းကမ်းချ ထိန်းကျောင်းသည့် လုပ်ငန်းဆောင်တာမှာ တရားရုံးမှမဟုတ်ဘဲ တရားရေးအဖွဲ့၏ တရားလွှတ်တော်ကောင်စီမှ ဆောင်ရွက်ခြင်းဖြစ်သည် (ပုဒ်မ ၆၅)။ သို့သော် ထိုကောင်စီဝင်များမှာ အများအားဖြင့် တရားရေးအဖွဲ့မှ ဖြစ်သည့်အတွက် တရားရေးဆိုင်ရာအစုအဖွဲ့များမှ စည်းမျဉ်းစည်းကမ်းဆိုင်ရာ ထိန်းကျောင်းမှုမှုများဖြင့် မိမိတို့၏ အဖွဲ့အစည်းအတွင်း အဓိကအားဖြင့် ပြုပြင်ထိန်းသိမ်းသည်။

ဖောက်ဖျက်ကျူးလွန်သည့်အတွက် မည်ကဲ့သို့ စီရင်ဆုံးဖြတ်ရမည်ဆိုသည့်အပိုင်းနှင့် စပ်လျဉ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေများမှာ တစ်ခါတစ်ရံတွင် နှုတ်ဆိတ်နေနိုင်ပြီး ယင်းကိစ္စရပ်များကို သာမန်ဥပဒေသို့မဟုတ် တရားရေးလုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ဖြင့် ဆုံးဖြတ်သတ်မှတ်ရန် လက်လွှဲနိုင်သည်။ အုပ်ချုပ်ရေးအာဏာပိုင်များမှ ဆုံးဖြတ်ချက်ချမှတ်သည့်နေရာတွင် မပါဝင်သော်လည်း လုပ်ငန်းစဉ်တွင် အခန်းကဏ္ဍတစ်ရပ်ဖြင့် ပါဝင်နိုင်သည်။ ဥပမာ ဒိန်းမတ်နိုင်ငံတွင် အစိုးရရှေ့နေချုပ်သည် တရားရေးဝန်ကြီး၏ အဆိုပြုချက်အရ တရားလွှတ်တော်ချုပ်မှ တရားသူကြီးများဖြင့် ဖွဲ့စည်းထားသည့် အထူးတရားရုံးနှင့် အခြားတရားရုံးများရှေ့မှောက်တွင် တရားသူကြီးများကို တရားစွဲဆိုနိုင်သည် (Bridge ၂၀၀၇ : ၂၁)။ ပြင်သစ်တွင် စီရင်ဆုံးဖြတ်ချက်များ (လိုအပ်ပါက) အာဏာသက်ရောက်မှုရှိစေရန် တာဝန်ယူသည့် တရားရေးဝန်ကြီးမှ တရားရေးဆိုင်ရာ စည်းမျဉ်းစည်းကမ်းနှင့် သက်ဆိုင်သည့် တရားစွဲဆိုမှုများကို အစပျိုးလုပ်ဆောင်သည် (McKillop ၁၉၉၇)။

## လွှတ်တော်၏ပန်ကြားချက်ဖြင့် ထုတ်ပယ်ခြင်း

အချို့သော စီရင်ပိုင်ခွင့်အာဏာကျင့်သုံးမှုများတွင် ဥပဒေပြုအဖွဲ့၏ ဆုံးဖြတ်ချက် သို့မဟုတ် ပန်ကြားချက်ဖြင့် တရားသူကြီးများကို ရာထူးမှ ထုတ်ပယ်နိုင်သည်။ ထိုစနစ်သည် ၁၇၀၁ ခုနှစ် တရားလွှတ်တော်ချုပ်နှင့် ကောင်စီ၏ အုပ်ချုပ်ရေးမှူးချုပ်တို့အကြား ဆက်ဆံရေးနယ်စည်း သတ်မှတ်မှုအက်ဥပဒေ (Act of Settlement) ကို လိုက်နာသည့် အင်္ဂလိပ်ရိုးရာ ကျင့်စဉ်တစ်ရပ်ဖြစ်ခဲ့ပြီး ဗြိတိသျှကိုလိုနီလက်အောက်ခံနယ်မြေဖြစ်ခဲ့သည့် နိုင်ငံများတွင် ကျင့်သုံးကြသည်။ ဥပမာ ဩစကြေးလျနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၇၂တွင် "တရားရုံးချုပ် တရားသူကြီးများအား ပါလီမန်

လွှတ်တော်မှ အစည်းအဝေးတစ်ခုတည်းတွင် လွှတ်တော်နှစ်ရပ်လုံး၏ ပန်ကြားချက်ဖြင့် ထုတ်ပယ်ခြင်းမှလွဲ၍ တာဝန်မှရပ်စဲခြင်း မပြုလုပ်ရန်နှင့် ထိုသို့ရာထူးမှထုတ်ပယ်ရာတွင် မလျော်ကန်သည့် အပြုအမူ သို့မဟုတ် (ထိုတရားသူကြီး၏) မစွမ်းဆောင်နိုင်မှုကို သက်သေပြနိုင်မှသာ ပြုလုပ်ရမည်’ ဟု ဖော်ပြထားသည်။ အဓမ္မနည်းဖြင့် (တရားသူကြီးများအား) ရာထူးမှထုတ်ပယ်ခြင်းကို တားမြစ်ရန်အတွက် ထိုဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းကို ဘောင်ခတ်ပြဋ္ဌာန်းထားခြင်းဖြစ်သည်။ လွှတ်တော်သည် ၎င်း၏ဆန္ဒသက်သက်ဖြင့် တရားသူကြီးတစ်ဦးအား ထုတ်ပယ်ရန် လုပ်ပိုင်ခွင့်အာဏာမရှိပေ။ ပန်ကြားခြင်းဖြင့်သာ တရားသူကြီးများအား ရာထူးမှထုတ်ပယ်ရန် အုပ်ချုပ်ရေးမဏ္ဍိုင်အား အခွင့်အာဏာလွှဲအပ်နိုင်သည်။ အလားတူပင် ပါလီမန်လွှတ်တော်သည် တစ်ဖက်စောင်းနင်းသဘောဖြင့် သို့မဟုတ် ဆုံးဖြတ်ချက်ချမှတ်ရာတွင် ၎င်းတို့နှင့် သဘောထားကွဲလွဲသည့်အတွက် တရားသူကြီးအား ရာထူးမှထုတ်ပယ်ရန် ပန်ကြားခြင်းမပြုနိုင်သော်လည်း သက်သေထင်ရှားသည့် မလျော်ကန်သော အပြုအမူ သို့မဟုတ် မစွမ်းဆောင်နိုင်မှုအား အဓိပ္ပါယ်ဖွင့်ဆိုရာတွင် လွှတ်တော်၏ ဆုံးဖြတ်ချက်မှာ အပြီးသတ်ဆုံးဖြတ်ချက်ဖြစ်ပြီး တရားရေးအဖွဲ့၏ သုံးသပ်ချက်ဖြင့် မပြုလုပ်နိုင်ပေ။

(အခြားနိုင်ငံများအနက် မော်လ်တာနှင့် အိန္ဒိယနိုင်ငံတွင် တွေ့ရသည့်) ထိုစနစ်၏ မူကွဲတစ်ခုမှာ တရားသူကြီးတစ်ဦးအားထုတ်ပယ်ရန် ပန်ကြားရာတွင် လွှတ်တော်၏ သုံးပုံနှစ်ပုံမဲဆန္ဒဖြင့် ဆုံးဖြတ်သတ်မှတ်သည့် မူကွဲဖြစ်သည် (မော်လ်တာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၉၇၊ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၄)။ ဆိုလိုသည်မှာ ယုံကြည်လက်ခံနိုင်လောက်သည့် နိုင်ငံရေးအခြေအနေ အခိုက်အတန့်များတွင် တရားသူကြီးတစ်ဦးအား ရာထူးမှထုတ်ပယ်ရန် အစိုးရနှင့် အတိုက်အခံပါတီ၏ ပူးပေါင်းဆုံးဖြတ်ချက် လိုအပ်သည်။ သို့သော်ငြားလည်း အောက်တွင် ရှင်းလင်းဆွေးနွေးထားသည့်အတိုင်း ရွေးကောက်ပွဲစနစ်နှင့် နိုင်ငံရေးအခြေအနေများအပေါ် မူတည်သည်။

## စွပ်စွဲပြစ်တင်၍ ရာထူးမှထုတ်ပယ်ခြင်း

စွပ်စွဲပြစ်တင်သည် ဆိုသည့်ဝေါဟာရမှာ အလယ်ပိုင်းခေတ် အင်္ဂလန်နိုင်ငံတွင် ကျင့်သုံးသည့်စနစ်မှ မြစ်ဖျားခံလာသည့် စကားရပ်ဖြစ်ပြီး ကြီးလေးသောပြစ်မှုများနှင့် ပြစ်မှုငယ်များကျူးလွန်သည့်အတွက် ဘုရင့်အရာရှိ သို့မဟုတ် အကြံပေးများကို မည်သည့်လွှတ်တော်က ထုတ်ပယ်နိုင်သည်ဆိုသည့် အကြောင်းအရာနှင့် စပ်လျဉ်းသည်။ အရေးကြီးသောအချက်မှာ စွပ်စွဲပြစ်တင်နိုင်သည့် ကြီးလေးသောရာဇဝတ်မှုများနှင့် ပြစ်မှုငယ်များသည် စွပ်စွဲနိုင်သည့် ပြစ်မှုဆိုင်ရာ ကျူးလွန်မှုများသာမကဘဲ ပြဋ္ဌာန်းထားသော ဥပဒေများ၊ တိုင်းပြည်၏ လွတ်လပ်ခွင့်များကို ကဖျက်ကယက်ပြုလုပ်မှု၊ အကျင့်ပျက်ခြစားမှုနှင့် မိမိ၏လုပ်ငန်းဆောင်တာများပြုလုပ်ရာတွင် အခြား မလျော်ကန်သော အပြုအမူအထွေထွေတို့လည်းပါဝင်သည်။ အင်္ဂလန်တွင် စွပ်စွဲပြစ်တင်မှုများလက်တွေ့တွင်ကျင့်သုံးမှု တဖြေးဖြေး လျော့နည်းလာပြီးဖြစ်သော်လည်း အမေရိကန်ပြည်ထောင်စု (ပြည်ထောင်စုအဆင့် တရားသူကြီးများအပါအဝင် ပြည်သူ့ရေးရာ အရာရှိအားလုံးအတွက် ကျင့်သုံးသည်) နှင့် ပါရာဂွေး (တရားလွှတ်တော်ချုပ် တရားသူကြီးများအတွက် ကျင့်သုံးသည်) အခြားနိုင်ငံများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် စပ်ဆိုင်သည့် ပြဋ္ဌာန်းချက်တစ်ခုအဖြစ် ဆက်လက်ပါဝင်သည်။

စွပ်စွဲပြစ်တင်ခြင်းလုပ်ငန်းစဉ်တွင် အဆင့်နှစ်ဆင့်ပါဝင်သည်။ ပထမအဆင့်မှာ ဥပဒေပြုရေးအဖွဲ့ဖြင့် စွပ်စွဲပြစ်တင်ရေးပုဒ်မများကို ပြဋ္ဌာန်းခြင်းဖြစ်သည်။ ဥပဒေပြုလွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြုသည့်နိုင်ငံများတွင် ပုံမှန်အားဖြင့် အောက်လွှတ်တော် (ပြည်သူ့လွှတ်တော်) မှ ဥပဒေပြုသည်။ ထိုပုဒ်မများတွင် စွပ်စွဲခံရသူ ခုခံချေပဖြေရှင်းရမည့် ကြီးလေးသောပြစ်မှုများနှင့် ပြစ်မှုငယ်အထွေထွေကို ထည့်သွင်းဖော်ပြရမည်ဖြစ်သည်။ ဒုတိယအဆင့်မှာ စွပ်စွဲခံရသူအား တရားရုံးတွင် စစ်ဆေးစီရင်ခြင်းဖြစ်သည်။ ဥပဒေပြုလွှတ်တော်နှစ်ရပ်ဖြင့် ဥပဒေပြုသည့်နိုင်ငံများတွင် ထိုလုပ်ငန်းဆောင်တာကို ပုံမှန်အားဖြင့် အထက်လွှတ်တော် (အမျိုးသားလွှတ်တော်) မှပြုလုပ်သည်။ ယင်းရည်ရွယ်ချက်ကြောင့် ရှိရင်းစွဲ လွှတ်တော်ဥက္ကဋ္ဌအစား တရားသူကြီးတစ်ဦးမှ အထက်လွှတ်တော်၏ တာဝန်ခံအဖြစ်ဆောင်ရွက်နိုင်သည်။ တရားသူကြီး ဦးဆောင်သည့် အထက်လွှတ်တော်ဖြင့် အမှုစစ်ဆေးစီရင်ခြင်း မပြုလျှင် အထူးတရားရုံးတစ်ခုပြုလုပ်၍ စစ်ဆေးစီရင်နိုင်သည်။

## ရာထူးမှထုတ်ပယ်သည့် အကြောင်းရင်းများကို ဖော်ပြထားခြင်း

ရာထူးမှထုတ်ပယ်သည့် အကြောင်းရင်းများကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အနည်းနဲ့အများအတိအကျ ထည့်သွင်းပြဋ္ဌာန်းနိုင်သည်။ ထိုအကြောင်းပြချက်များတွင် သိသာထင်ရှားစွာ ကျူးလွန်သည့် မလျော်ကန်သည့် အပြုအမူ၊ စွမ်းဆောင်ရည်မရှိခြင်း၊ တာဝန်လစ်ဟင်းခြင်း၊ အကျင့်ပျက်ခြစားခြင်းနှင့် အခြားကြီးလေးသော ရာဇဝတ်မှုများနှင့် ပြစ်မှုငယ်များပါဝင်သည်။ ဥပမာ အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၂၄.၄ တွင် " မလျော်ကန်သည့် အပြုအမူ သို့မဟုတ် စွမ်းဆောင်ရည်မရှိခြင်းကို သက်သေအထင်အရှားပြနိုင်မှသာ တရားလွှတ်တော်ချုပ် တရားသူကြီးများအား ရာထူးမှ ထုတ်ပယ်ခွင့်ရှိသည်"ဟု ဖော်ပြထားပြီး ကင်ညာနိုင်ငံ၏ ၂၀၁၀ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၈ တွင် "အထက်တရားရုံးများ၏ တရားသူကြီးများအား ၎င်းတို့၏ လုပ်ငန်းဆောင်တာများကို မစွမ်းဆောင်နိုင်ခြင်း၊ လိုက်နာရမည့် ကျင့်ဝတ်စည်းမျဉ်းများ ဖောက်ဖျက်ခြင်း၊ လူမွဲစာရင်းခံယူခြင်း၊ အရည်အချင်းနှင့် ကျွမ်းကျင်မှုမရှိခြင်း သို့မဟုတ် မလျော်ကန်သည့် အပြုအမူကို သိသာထင်ရှားစွာကျူးလွန်ခြင်း စသည့်အကြောင်းရင်းများအရသာ ရာထူးမှထုတ်ပယ်နိုင်သည်"ဟု ဖော်ပြထားသည်။

ရာထူးမှထုတ်ပယ်ရေး လုပ်ငန်းစဉ်အစောပိုင်းအဆင့်နှင့် ထုတ်ပယ်ရသည့်အကြောင်းရင်းများကို ရေးဆွဲခြင်းတို့တွင် တရားရေးအဖွဲ့အား ပါဝင်စေခြင်းသည် တရားရေးဆိုင်ရာ လွတ်လပ်ခွင့်ကို ထပ်ဆောင်း အကာအကွယ်ပေးသည့် နည်းလမ်းတစ်ရပ်ဖြစ်သည်။ တရားရေးကောင်စီ၊ တရားရေးဝန်ဆောင်မှုကော်မရှင် သို့မဟုတ် စည်းကမ်းရေးရာ ခုံရုံးသည် နိုင်ငံရေးလိုလားချက်များဖြင့် ပြုလုပ်သည့် ရာထူးမှထုတ်ပယ်ခြင်းများမှ အကာအကွယ်ပေးနိုင်သည့် တံခါးမှူးအဖြစ် လုပ်ဆောင်နိုင်သည်။ ထုတ်ဖော်ကြေငြာခြင်းမရှိသည့် အကြောင်းပြချက်ဖြင့် (ထိုအကြောင်းပြချက်သည် ဥပဒေပြုအဖွဲ့အတွက် လုံလောက်သည့်အကြောင်းပြချက်များလည်း မဟုတ်တန်ရာ) တရားသူကြီးတစ်ဦးအား ဥပဒေပြုအဖွဲ့၏ အများဆန္ဒဖြင့် ထုတ်ပယ်ခွင့်ပြုသည့်စနစ်နှင့် လွတ်လပ်သော တရားရေးခုံရုံးမှ စုံစမ်းစစ်ဆေးထားသော တိကျသေချာသည့် တိုင်ချက်အပေါ်အခြေခံပြီး ဥပဒေပြုအဖွဲ့ဝင် အများစုမှ

တရားသူကြီးအား ထုတ်ပယ်ခွင့်ပြုသည့် စနစ်တို့အကြား အရေးကြီးသည့် ကွဲပြားခြားနားချက်တစ်ခုရှိသည်။ သာဓကတစ်ခုမှာ အိန္ဒိယနိုင်ငံတွင် တရားသူကြီးများအား စုံစမ်းစစ်ဆေးရေး အက်ဥပဒေ ၁၉၆၈ အရ လွှတ်တော်နှစ်ရပ်၏ မဲဖြင့် (တရားသူကြီးများအား) မထုတ်ပယ်မီ တာဝန်ထမ်းဆောင်ဆဲ တရားသူကြီးများနှင့် ဂုဏ်သရေရှိ ဂျူရီလူကြီးမင်းများဖြင့် ဖွဲ့စည်းထားသည့် ကော်မတီတစ်ရပ်မှ တရားရေးဆိုင်ရာ မလျော်ကန်မှုများကို စုံစမ်းစစ်ဆေးရန် လိုအပ်သည်။

## တရားသူကြီးများအား ရာထူးတိုးမြှင့်ခြင်း၊ လျှော့ချခြင်းနှင့် နယ်ပြောင်းရွှေ့ခြင်း

တရားသူကြီးများအား ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းပြုလုပ်ရာတွင် ကျင့်သုံးနိုင်သည့်မှုများကို ရာထူးတိုးမြှင့်ခြင်း၊ လျှော့ချခြင်းနှင့် နယ်ပြောင်းရွှေ့ခြင်း တို့အတွက်လည်း ကျင့်သုံးနိုင်သည်။ တရားသူကြီးများအား ရာထူးတိုးမြှင့်ခြင်း၊ လျှော့ချခြင်းနှင့် နယ်ပြောင်းရွှေ့ခြင်းတို့ကို ပြုလုပ်နိုင်သည့် မလျော်သြဇာသည် ထိုတရားသူကြီးများအား ခန့်အပ်ခြင်း သို့မဟုတ် ထုတ်ပယ်ခြင်းတို့ကို ပြုလုပ်နိုင်သည့် မလျော်သြဇာနီးပါးကဲ့သို့ တရားရေး၏လွတ်လပ်မှုကို ထိခိုက်နစ်နာစေနိုင်သည်။

ပုံမှန်အားဖြင့် ရာထူးမှလျှော့ချခြင်းကို ထုတ်ပယ်ခြင်းကဲ့သို့ အလားတူ သတ်မှတ်ကြသည်။ တရားသူကြီးတစ်ဦးအား ၎င်း၏ဆန္ဒမပါဘဲ ရာထူးမှလျှော့ချခြင်းအတွက် အကြောင်းရင်းများ ရှိရမည်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို ကျင့်သုံးသည့် ဒီမိုကရေစီစနစ်များတွင် တရားသူကြီးတစ်ဦးအား ရာထူးမှလျှော့ချခြင်းမှာ ဖြစ်ခဲသည်။ တရားသူကြီးများအား ရာထူးမှလျှော့ချရန် အကြောင်းပြချက်မှာ ရာထူးမှထုတ်ပယ်ရန်အတွက် အကြောင်းပြချက်များဖြစ်သည့် မလျော်ကန်သော အပြုအမူ သို့မဟုတ် (ထုတ်ပယ်ရန် လုံလောက်သည်အထိ) မစွမ်းဆောင်နိုင်မှုမှုနှင့် တူညီသောကြောင့် ဖြစ်သည်။

ရာထူးတိုးမြှင့်ခြင်းနှင့် နယ်ပြောင်းရွှေ့ခြင်းများကို အသစ်ခန့်အပ်မှုများအဖြစ် သတ်မှတ်လေ့ရှိပြီး လက်တွေ့ သက်ရောက်မှုရှိစေရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် အတိအလင်းပြဌာန်းကြသည်။ သို့သော်ငြားလည်း ခြွင်းချက်များရှိသည်။ ဥပမာ အိုင်ယာလန်နိုင်ငံတွင် တရားသူကြီးအသစ်ခန့်အပ်ရန်အတွက် တရားရေးဆိုင်ရာ ရာထူးခန့်အပ်ရေး အကြံပေးဘုတ်အဖွဲ့၏ အကြံဉာဏ်ကို ရယူရမည်ဖြစ်ပြီး နောက်ဆက်တွဲ ရာထူးတိုးမြှင့်မှုများအတွက် အစိုးရ၏ ဆုံးဖြတ်ချက်မလိုဘဲ ပြုလုပ်နိုင်သည်။

# ၆။ တရားရေးဆိုင်ရာအထူးကင်းလွတ်ခွင့်များ၊ သဟဇာတမဖြစ်မှုများ၊ အသုံးစရိတ်နှင့် လစာများ

## အထူးကင်းလွတ်ခွင့်များနှင့် သဟဇာတမဖြစ်မှုများ

အထူးကင်းလွတ်ခွင့်ဆိုသည်မှာ တရားသူကြီးများ တရားဝင်ဆောင်ရွက်သည့် လုပ်ငန်းဆောင်တာများမှ ပေါ်ထွက်လာမည့် တရားမဆိုင်ရာ သို့မဟုတ် ပြစ်မှုဆိုင်ရာ (ပေးဆပ်ရမည့်) တာဝန်၎င်းတို့တွင် မရှိခြင်းကို ရည်ညွှန်းသည်။ ဥပမာ အထူးကင်းလွတ်ခွင့်ကို ခံစားရသည့် တရားသူကြီးများသည် အမှုကိစ္စတစ်ခုကို သီးခြားနည်းလမ်းတစ်ရပ်ဖြင့် စီရင်ဆုံးဖြတ်သည့်အတွက် တရားစွဲခံရခြင်း ပြစ်ဒဏ်ချမှတ်ခြင်း ခံရမည်မဟုတ်ပေ။ အင်္ဂလန်ကဲ့သို့သော နိုင်ငံများတွင် ထိုအထူးကင်းလွတ်ခွင့်များမှာ အကြွင်းမဲ့ဖြစ်သည်။ တစ်နည်းအားဖြင့် တရားသူကြီးမှ စီရင်ဆုံးဖြတ်ရာတွင် ရည်ရွယ်ချက်ရှိရှိ မလိုမုန်းထားသော အကြံအစည်၊ (မိမိတာဝန်အား) လစ်လျူရှုမှု သို့မဟုတ် မျက်ကွယ်ပြုမှုတို့ဖြင့် ဆုံးဖြတ်သော အမှုကိစ္စများမှလွဲ၍ အထူးကင်းလွတ်ခွင့်ပေးနိုင်သည် (Bridge ၂၀၀၇ : ၁၉-၂၀)။ အချို့ဖြစ်ရပ်များတွင် တရားသူကြီးများ သို့မဟုတ် အာဏာပိုင်များ ရာဇဝတ်မှုကျူးလွန်စဉ် ဖမ်းဆီးရမိသည့် အမှုကိစ္စများအတွက် အထူးကင်းလွတ်ခွင့် ရမည်မဟုတ်ပေ။

စီရင်ပိုင်ခွင့်အာဏာများတွင် တရားသူကြီးများအား ရွေးကောက်တင်မြှောက်ခံရာထူးကို ရယူခြင်း၊ နိုင်ငံရေးပါတီတစ်ခုခု၏ အဖွဲ့ဝင်ခြင်းနှင့် နိုင်ငံရေးလုပ်ငန်းများ လုပ်ဆောင်ခြင်းတို့ကို မပြုလုပ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များဖြင့် တားမြစ်ထားသည်။ ဟန်ချက်ညီမျှတစေမည့် ကြောင်းကျိုးဆက်စပ် ဆင်ခြင်နိုင်သည့်အချက်မှာ တရားသူကြီးများအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ပြဋ္ဌာန်းဥပဒေနှင့် သမားရိုးကျစံနှုန်းများသတ်မှတ်၍ လူထု၏ပြစ်တင်ဝေဖန်မှုမှ အကာအကွယ်ပေးနိုင်သည်။ ထိုစည်းမျဉ်းစည်းကမ်းများမှာ ဥပဒေကို နိုင်ငံရေးမှခွဲထုတ်ခြင်းဖြင့် တရားရေးမဏ္ဍိုင်၏ လွတ်လပ်မှုနှင့် သမာသမတ်ကျမှုကို အကာအကွယ်ပေးရန်ရည်ရွယ်သည်။ အခြားတစ်ဖက်၌ လျော့ကန်မှုမရှိစွာ ကျင့်သုံးသည့် အထူးကင်းလွတ်ခွင့် ဥပဒေပြဋ္ဌာန်းချက်များသည် အကျင့်ပျက်ခြစားမှုများကို တိုးမြင့်စေနိုင်ပြီး တရားရေးမဏ္ဍိုင်၏ တာဝန်ခံမှုကိုလည်း ဖြစ်ပေါ်စေမည်မဟုတ်ပေ။ ဥပမာ အီဂျစ်နိုင်ငံ၏ ၂၀၁၄ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားသူကြီးတစ်ဦးဦးအား ပြစ်တင်ဝေဖန်ခြင်းကို ပြစ်မှုအဖြစ် ဖော်ပြထားသည်။ လွတ်လပ်စွာထုတ်ဖော်ပြောဆိုခွင့်နှင့် တရားသူကြီးများ ၎င်းတို့၏ ဆောင်ရွက်ချက်များအတွက် တာဝန်ခံမှုရှိလာစေရန် ကျယ်ပြောသည့် ပြည်သူလူထု၏ လုပ်နိုင်စွမ်းတို့ကို ကန့်သတ်လိုက်သည့် ပြဋ္ဌာန်းချက်တစ်ခုဖြစ်သည်။

## အသုံးစရိတ်များနှင့် လစာများ

စားဝတ်နေရေးအခက်အခဲ မကြုံတွေ့စေရန်အတွက် တရားရေးပုဂ္ဂိုလ်များ၏ လစာသည် (က) အကျင့်ပျက်ချစားမှု၏ သွေးဆောင်ဖျားယောင်းမှုဒါဏ်ကို ခံနိုင်ရန်လုံလောက်ရမည်၊ (ခ) အာမခံချက်ရှိရမည် - ဆိုလိုသည်မှာ နိုင်ငံရေးအဖွဲ့အစည်းများမှ တရားသူကြီးများ၏ လစာကို လျှော့ချ၍ သို့မဟုတ် ဆိုင်းငံ့၍ကြိုးကိုင်မှု မရှိစေရန်ဖြစ်သည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းလေ့ရှိသော ပြဋ္ဌာန်းချက်တစ်ခုတွင် တရားသူကြီးများ၏ လစာကို ၎င်းတို့တာဝန်ထမ်းဆောင်နေစဉ်ကာလအတွင်း လျှော့ချခြင်းမပြုရဟု တိကျသေချာစွာဖော်ပြလေ့ရှိသည်။ အိန္ဒိယတွင် တရားသူကြီးများ၏လစာကို ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် တိကျသေချာစွာ ပြဋ္ဌာန်းသင့်ကြောင်းအဆိုပြုခဲ့သည်။ သို့သော် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရေးမှာ ခက်ခဲပြီး ထိုခက်ခဲမှုမှာ အမြဲတမ်းအတက်အကျအပြောင်းအလဲဖြစ်နေသည့် ငွေကြေးဖောင်းပွမှုနှင့် ဒွန်တွဲနိုင်သည့်အတွက် လက်တွေ့မကျသောနည်းလမ်းတစ်ခုဖြစ်စေခဲ့သည် (Austin ၂၀၀၀)။ သာဓကအဖြစ်ဖော်ပြနိုင်သည့် နိုင်ငံမရှိသော်ငြားလည်း တရားသူကြီးများ၏လစာကို ဝန်ကြီးများကဲ့သို့သော အခြားသော အင်စတီကျူးရှင်းများတွင်တာဝန်ထမ်းဆောင်ကြသည့် သူများ၏တာဝန်ထမ်းဆောင်စဉ်တွင် လစာလျှော့ချရန်မဖြစ်နိုင်သည့်အချက်ဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ချိတ်ဆက်ဖော်ပြသည့် နည်းလမ်းမှာ အသုံးတည့်နိုင်သည်။

အခြားရွေးချယ်နိုင်သည့် နည်းလမ်းတစ်ခုမှာ တရားသူကြီးများ၏ လစာကို အခါအားလျော်စွာ ပြန်လည်သုံးသပ်ရန် ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် လွတ်လပ်သောကော်မရှင်တစ်ခု ဖွဲ့စည်းခြင်းဖြစ်သည်။ ထိုသို့ ဖွဲ့စည်းခြင်းမှာ တရားသူကြီးများ၏ လစာလုံလောက်မှုရှိစေရေးကို ရည်မှန်းသုံးသပ်ပေးရန်တာဝန်သာရှိပြီး တရားသူကြီးများ၏ လစာကိုလျှော့ချပိုင်ခွင့် အခွင့်အာဏာရှိမည်မဟုတ်ပေ။ ဥပမာ ထရီနီဒတ်နိုင်ငံနှင့် တိုဘာဂိုနိုင်ငံတို့၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၄၀တွင် နိုင်ငံဥသျှောင်မှ ဝန်ကြီးချုပ်၊ အတိုက်အခံပါတီတို့နှင့် ဆွေးနွေးတိုင်ပင် ရွေးချယ်ထားသည့် အဖွဲ့ဝင်များပါဝင်သော လစာပြန်လည်သုံးသပ်ရေးကော်မရှင်ကို ဖွဲ့စည်းရန် ဖော်ပြထားသည်။ သံတမန်ကိုယ်စားလှယ်များ၊ စစ်တပ်မှ အရာရှိအကြီးအကဲများနှင့် တရားသူကြီးများ အပါအဝင် အာဏာပိုင်အရာရှိများ၏ လစာနှုန်းထားနှင့်ပတ်သက်ပြီး လစာပြန်လည်သုံးသပ်ရေးကော်မရှင်မှ အကြံပြုချက်ပေးသည် (ထရီနီဒတ်နှင့် တိုဘာဂို ပြည်သူ့ ပါလီမန် ၂၀၀၆)။

လွတ်လပ်၍ ကောင်းစွာလုပ်ငန်းလည်ပတ်သည့် တရားရေးမဏ္ဍိုင်တစ်ခုသည် လုံလောက်သောငွေကြေး ထောက်ပံ့မှုကို တရားသူကြီးတစ်ဦးချင်းစီ၏ လစာအတွက်သာမကဘဲ တရားရုံးစနစ်တစ်ခုလုံးပြုပြင်ထိန်းသိမ်းနိုင်ရန်အလို့ငှာ လက်တွေ့ထည့်သွင်းစဉ်းစားရမည့်အချက်တစ်ခုအဖြစ်သတ်မှတ်သည်။ မောလ်တာနှင့် ဂျမေကာနိုင်ငံ အပါအဝင် ဓနသဟာယနိုင်ငံအများအပြားရှိ ဖွဲ့စည်းပုံအခြေခံဥပဒေများတွင် တရားသူကြီးများ၏ လစာမှာ ပေါင်းစည်းရန်ပုံငွေမှ အမြဲတမ်းပံ့ပိုးရမည့် ထောက်ပံ့ငွေအဖြစ်ပါဝင်သည်။ ဆိုလိုသည်မှာ လွှတ်တော်မှပြဋ္ဌာန်းထားသည့် နှစ်စဉ် ဘဏ္ဍာငွေခွဲဝေရေးအက်ဥပဒေကို အမှီသဟဲပြုစရာမလိုဘဲ အစိုးရကမိမိ၏ပင်မဘဏ်ငွေစာရင်းမှထုတ်၍ ထောက်ပံ့ငွေ ပေးရန် တာဝန်ရှိခြင်းဖြစ်သည်။

## စဉ်းစားစရာ အချက် (၂)

တရားရေးမဏ္ဍိုင်၌ ဘဏ္ဍာရေးလွတ်လပ်ခွင့် ရှိစေရန်အတွက် မည်သို့သော ဖွဲ့စည်းပုံအခြေခံဥပဒေ ပြဋ္ဌာန်းချက်များ လိုအပ်သနည်း။ တရားသူကြီးများအား နိုင်ငံရေးလုပ်ရှားမှုများ မပြုလုပ်ရန် တားမြစ်သည့်ပြဋ္ဌာန်းချက်ကို အသေးစိတ် ထည့်သွင်းသင့်ပါသလော။ ဤသို့ ဆိုလျှင် အာဏာသက်ရောက်စေရန် မည်ကဲ့သို့အကောင်းဆုံး ပြုလုပ်နိုင်မည်နည်း။

# ၇။ ရေခံမြေခံအခြေအနေများကိုထည့်သွင်းစဉ်းစားခြင်း

## တရားသူကြီးများအား ရာထူးမှထုတ်ပယ်ရေး လုပ်ငန်းစဉ်ယန္တရားများနှင့် နိုင်ငံရေးစနစ်

တရားသူကြီးများအား ရာထူးမှထုတ်ပယ်ရေး လုပ်ငန်းစဉ်ယန္တရားသည် နိုင်ငံရေးစနစ်တွင် တစ်ပေါင်းတစ်စည်းတည်း ဝင်ဆံ့ရမည်ဖြစ်သည်။ တရားသူကြီးအား ရာထူးမှထုတ်ပယ်ရန်အတွက် ပါဝင်ဆောင်ရွက်သူ (တစ်ဦးတစ်ယောက်၊ အဖွဲ့အစည်းများ သို့မဟုတ် နိုင်ငံရေးပါတီများ) အရေအတွက်များလေလေ အဓမ္မနည်းလမ်းသုံး သို့မဟုတ် သင့်တော်မှုမရှိသည့် ရာထူးမှထုတ်ပယ်ခြင်းများ မဖြစ်ပေါ်စေရန် နိုင်ငံရေးအပြိုင်အင်အားစုများ သို့မဟုတ် အဖွဲ့အစည်းဆိုင်ရာ အဟန့်အတားများဖြင့် ကြိုတင်ကာကွယ်နိုင်ချေ ပို၍များလေလေဖြစ်သည်။ သို့သော်ငြားလည်း အဟန့်အတားများများ ထားရှိလေ၊ အကျင့်ပျက်ခြစားသည့် သို့မဟုတ် အရည်အချင်းနှင့် စွမ်းရည်မပြည့်မီသည့် တရားသူကြီးများ ဆက်လက်ရာထူးတည်မြဲနိုင်သည့် အန္တရာယ်ပိုကြီးမားလေလေဖြစ်သည်။ ဥပဒေပြုလွှတ်တော်ကိုယ်စားလှယ်အရေအတွက်၊ ရွေးကောက်ပွဲစနစ်နှင့် အာဏာများ ဟန်ချက်ညီမျှတမှုသည် တရားရေးမဏ္ဍိုင်၏အဖွဲ့အစည်းဆိုင်ရာ ပြန်လည်ကုစားရပ်တည် နိုင်စွမ်းအပေါ်တွင် လွှမ်းမိုးမှုရှိသည်။ အရေးပါသော မေးခွန်းမှာ ပါဝင်ဆောင်ရွက်သူများအား မည်သို့ပေါင်းစပ်ဖွဲ့စည်းခြင်းဖြင့် တရားသူကြီးတစ်ဦးအား ရာထူးမှထုတ်ပယ်နိုင်မည်နှင့် မည်သည့်အခြေအနေများတွင် ထုတ်ပယ်နိုင်သည်ဆိုသည့် အချက်ဖြစ်သည်။

သမ္မတစနစ်တွင် အပြန်အလှန်ထိန်းကျောင်း စောင့်ကြည့်မှုမှာ ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးမဏ္ဍိုင်တို့အကြားတွင် ရှိသည့်အတွက် ဥပဒေပြုရေးအဖွဲ့၏ စွပ်စွဲပြစ်တင်မှုကဲ့သို့သော ယန္တရားမှာ သင့်တော်နိုင်သည်။ ပါလီမန်လွှတ်တော်စနစ်တွင် အစိုးရနှင့် ပါလီမန်လွှတ်တော်ကိုယ်စားလှယ်အများစုအကြား ခွဲခြမ်းသတ်မှတ်ထားခြင်းမရှိပေ သို့မဟုတ် အနည်းငယ်သာရှိနိုင်သည်။ အပြန်အလှန်ထိန်းကျောင်း စောင့်ကြည့်မှုသည် မူလအားဖြင့် ပါလီမန်ရှိအစိုးရနှင့် အတိုက်အခံတို့အကြားတွင် ရှိသည့်အတွက် ရာထူးမှထုတ်ပယ်ရေးနှင့်ပတ်သက်၍ အတိုက်အခံပါတီများအား ဗီတိုအာဏာပေးသည့် လုပ်ထုံးလုပ်နည်းယန္တရားမှာ သင့်တော်နိုင်ကောင်းသည်။

သို့သော်ငြားလည်း နိုင်ငံရေးအခြေအနေများကို ထည့်သွင်းစဉ်းစားရမည် ဖြစ်သည်။ အကယ်၍ ပါလီမန်ဥပဒေပြုလွှတ်တော်သည် အချိုးကျကိုယ်စားပြုသည့်စနစ်ဖြင့် ရွေးကောက်တင်မြှောက်သည့် လွှတ်တော်ဖြစ်ပြီး ပါတီစုံစနစ်ဖြစ်လျှင် ဥပဒေပြုအဖွဲ့၏ သုံးချိုး နှစ်ချိုး မဲဖြင့် တရားသူကြီးများအား

ရာထူးမှထုတ်ပယ်နိုင်သည့် စည်းမျဉ်းမှာ အစမ္မနည်းလမ်းဖြင့် ရာထူးမှထုတ်ပယ်ခြင်းမှ ခိုင်မာအား ကောင်းစွာ အကာအကွယ်ပေးနိုင်မည့် စည်းမျဉ်းတစ်ခု ဖြစ်နိုင်သည်။ သို့သော်ငြားလည်း ရိုးရှင်းသော အများမဲဆန္ဒဖြင့် ရွေးကောက်တင်မြှောက်သည့် စနစ် (Simple Plurality Vote) ကို ကျင့်သုံးသည့် လွှတ်တော်ဖြစ်လျှင် ပါလီမန်လွှတ်တော်၌ နိုင်ငံရေးပါတီတစ်ခုမှ အများ၏မဲဆန္ဒဖြင့် သုံးချိုးနှစ်ချိုး အနိုင်ရနိုင်ပြီး နိုင်ငံရေးဆိုင်ရာ သဘောတူညီချက်များအရ သုံးချိုးနှစ်ချိုး စည်းမျဉ်းမှာ တရားသူကြီးများအား အဓမ္မနည်းလမ်းဖြင့် ရာထူးမှထုတ်ပယ်ခြင်းမှ အားပျော့သော အကာအကွယ်ပေးမှုသာ ပံ့ပိုးပေးနိုင်မည်။

တရားသူကြီးများအား ခန့်အပ်ခြင်းနှင့် ထုတ်ပယ်ခြင်းအာဏာကို အဖွဲ့အစည်းတစ်ခုတည်းအား ပေးအပ်ခြင်းသည် ထိုအဖွဲ့အစည်းအား လုပ်ပိုင်ခွင့်အာဏာများ အလွန်အမင်းပေးသလိုဖြစ်နိုင်သည်။ ဥပမာ အကယ်၍ နိုင်ငံ့ဥသျှောင်မှ တရားရေးကောင်စီ၏ အကြံပြုချက်ဖြင့် တရားသူကြီးများအား ခန့်အပ်နိုင်လျှင် တရားရေးကောင်စီအား လုပ်ပိုင်ခွင့်အာဏာ အလွန်အမင်းရသည့် အခြေအနေမှ အကာအကွယ်ပေးရန် ရာထူးမှထုတ်ပယ်ရေးလုပ်ငန်းစဉ်၌ ဥပဒေပြုရေးအဖွဲ့ကို ဂိတ်မှူးအဖြစ် ထည့်သွင်းထားရှိသင့်သည်။

### စဉ်းစားစရာ အချက် (၃)

နိုင်ငံရေးဆိုင်ရာ အလွဲသုံးစားပြုနိုင်ခြေများအား အပြန်အလှန်ထိန်းကျောင်း စောင့်ကြည့်ခြင်းဖြင့် အမြစ်ပြတ်မရှင်းလင်းနိုင်သော်လည်း အဖွဲ့အစည်းအသီးသီးမှ လုပ်ရှားဆောင်ရွက်သူများအကြား သဘောတူညီမှုချက်ထားဆောင်ရွက်သည့် ယန္တရားတစ်ခုဖြင့် လျော့ကျစေနိုင်သည်။ ဤနိုင်ငံတွင် အပြန်အလှန် ထိန်းကြောင်းစောင့်ကြည့်မှုများ မည်သည့်နေရာတွင် တွေ့ရနိုင်သနည်း။ အဖွဲ့အစည်းများ အကြားမှာလော သို့မဟုတ် နိုင်ငံရေးပါတီများ အကြားမှာလော။

## နိုင်ငံရေးနှင့် တရားရေးယဉ်ကျေးမှု

အဖွဲ့အစည်းဆိုင်ရာ စည်းမျဉ်းများနောက်ကွယ်တွင်ရှိသော လူမှုရေး၊ ယဉ်ကျေးမှုနှင့် နိုင်ငံရေး လက်တွေ့အမှန်တရားများကို မဖြစ်မနေ ထည့်သွင်းစဉ်းစားရန် လိုအပ်သည်။ တရားသူကြီးများ၏ လုပ်ငန်းပိုင်းဆိုင်ရာ အရည်အချင်း စံနှုန်းမြင့်များအား နေ့စဉ်ဘဝ၏ တစ်စိတ်တစ်ဒေသအဖြစ် မျှော်လင့်ထားသည့် လူမှုအသိုက်အဝန်း၊ လူမှုဓလေ့ထုံးတမ်းနှင့် နိုင်ငံရေးအစဉ်အလာတို့တွင်လည်းကောင်း တရားရေးလွတ်လပ်ခွင့် ဘက်မလိုက်မှုဝါဒစံနှုန်းများ ထွန်းကားတည်ရှိရာ လူမှုအသိုက်အဝန်းများတွင်လည်းကောင်း (လေးထောင့်ဇယား ၇.၁ ကို ကြည့်ပါ) တရားသူကြီးများအား ရာထူးမှထုတ်ပယ်ခြင်းဆိုင်ရာ စည်းမျဉ်းစည်းကမ်းတို့နှင့်စပ်လျဉ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စည်းမျဉ်းများအား ရှင်းရှင်းလင်းလင်းဖော်ပြမည့်အစား သွယ်ဝိုက်ဖော်ပြခြင်း သို့မဟုတ် အသေးစိတ်ဖော်ပြမည့်အစား ယေဘုယျဆန်ဆန် ဖော်ပြခြင်းတို့ ပြုလုပ်နိုင်သည်။

ဥပမာ ကနေဒါနိုင်ငံတွင် တရားသူကြီးများကို ရာထူးမှထုတ်ပယ်ရေးခြင်းမတိုင်မီ လွတ်လပ်စွာ စုံစမ်းစစ်ဆေးရေးမှု ပြုလုပ်ရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိပေ။ အစိုးရမှ ပါလီမန်လွှတ်တော် ၂ ရပ်၏ အများစုထောက်ခံမှုဖြင့် တရားသူကြီးများအား တစ်ဖက်စောင်းနင်း သို့မဟုတ် ပေါ့ပေါ့တန်တန်သဘောထား၍ စိတ်ကြိုက်ထုတ်ပယ်သည့် အခြေအနေမှ အကာအကွယ် ပေးနိုင်သည့် ပြဋ္ဌာန်းချက်များမရှိပေ။ သို့သော်ငြားလည်း ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ဓလေ့ ထုံးတမ်းအစဉ်အလာများဖြင့် (ကျယ်ကျယ်ပြန့်ပြန့်လက်ခံ၍ ကာလရှည်ကြာ တည်ထောင်ခဲ့သည့် လုပ်ဆောင်ပုံဓလေ့များ) ထိုကဲ့သို့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ အားနည်းချက်အပေါ် အလွဲသုံးစား ပြုခြင်းမှ ကာကွယ်သည်။ အခြားတစ်ဖက်တွင်မူ ထိုကဲ့သို့သော ဓလေ့ထုံးတမ်းနှင့် အစဉ်အလာများ မလွှမ်းမိုးသည့် နေရာများတွင် နိုင်ငံရေးလှုံ့ဆော်မှုကြောင့် တရားသူကြီးများကို ရာထူးမှဖယ်ရှားခြင်းမှ ကာကွယ်ရန်၊ တရားစီရင်ရေးမဏ္ဍိုင်နှင့် နိုင်ငံရေးကဏ္ဍများမှ အလေ့အကျင့်ကောင်း ဓလေ့များကို တည်ထောင်ရန်နှင့် အတည်ပြုပြဋ္ဌာန်းရန်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ၌ ကျစ်လစ်၍ ပိုမိုအသေး စိတ်သည့် စည်းမျဉ်းစည်းကမ်းများကို ထည့်သွင်းရန် လိုအပ်နိုင်သည်။

### အချက်ပြဇယား (၇.၁)။ ဖြစ်တောင့်ဖြစ်ခဲ တရားရေးထုတ်ပယ်မှု : ဓလေ့ထုံးတမ်းများ၏ အာဏာ

ကာလရှည်ကြာကတည်းက တည်ထောင်ခဲ့သော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ဒီမို ကရေစီစနစ်များတွင် တရားသူကြီးများအား ရာထူးမှထုတ်ပယ်ခြင်းသည် အတော်အတန်ပင် တွေ့ရခဲသည်။ အိုင်ယာလန်နိုင်ငံတွင် ၁၉၂၂ ခုနှစ် လွတ်လပ်ရေးရချိန်ကတည်းက နိုင်ငံတော် တရားရုံးချုပ် သို့မဟုတ် အထက်တရားရုံး တရားသူကြီးအား ရာထူးမှထုတ်ပယ်ခြင်း မရှိဖူးပါ။ ကနေဒါနိုင်ငံတွင် ကိုယ်ပိုင်အစိုးရဖွဲ့ခဲ့သည့် ၁၈၆၇ ခုနှစ်မှစ၍ နိုင်ငံတော်တရားရုံးချုပ် တရား သူကြီးတစ်ဦးမှ ရာထူးမှထုတ်ပယ်ခြင်း မခံရသေးပါ။ အဆိုပါဖြစ်ရပ်များကိုကြည့်ပါက ဥပဒေ ပြုရေးအဖွဲ့၏ အများစုမဲဆန္ဒဖြင့် တရားသူကြီးများအား ထုတ်ပယ်နိုင်သော်လည်း၊ ခိုင်မာသည့် ယဉ်ကျေးမှုနှင့် ထုံးတမ်းစဉ်လာဓလေ့များမှ ထိုကဲ့သို့အာဏာ အလွဲသုံးစားပြုခြင်းမဖြစ်စေရန် ကာကွယ်ထားသည်။

အလားတူပင် တရားရေးလွတ်လပ်ခွင့်အား ရှေးယခင်ကပင် အလေးထားခဲ့ကြသည့် အခြေအနေ များတွင် ဖွဲ့စည်းပုံအခြေခံဥပဒေအတွင်း အထွေထွေပြဋ္ဌာန်းချက်များ ထည့်သွင်းဖော်ပြခြင်းဖြင့် လုံလောက်သည်ဟု ဆိုနိုင်သည်။ အာဏာရှင်ခေတ် ကုန်ဆုံးပြီးနောက် တရားရေးလွတ်လပ်ခွင့်အား ပြန်လည်တည်ဆောက်နေရချိန် သို့မဟုတ် တရားရေးလွတ်လပ်ခွင့်အား ကျယ်ကျယ်ပြန့်ပြန့် အလေး အနက်ထားခဲ့ခြင်း မရှိသည့်အခြေအနေတွင် ပိုမိုရှင်းလင်း၍ ကျယ်ပြန့်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ ပြဋ္ဌာန်းချက် (ဥပမာ- တစ်ဖက်စောင်းနင်းဖြစ်သည့် နိုင်ငံရေးလှုပ်ရှားမှုတွင် တရားသူကြီးများ ပါဝင်မှုအား တားမြစ်ခြင်းနှင့် တရားရေးဆိုင်ရာဆုံးဖြတ်ချက်များတွင် အုပ်ချုပ်ရေးမဏ္ဍိုင်၏ ဝင်ရောက်

စွက်ဖက်မှုအား ကာကွယ်ခြင်း) သည် သင့်လျော်သည်။ ပုံမှန်အားဖြင့် ဒီမိုကရေစီဖော်ဆောင်နေသော နိုင်ငံတစ်နိုင်ငံ၌ ဖွဲ့စည်းပုံအခြေခံဥပဒေပြဋ္ဌာန်းချက်များ ရေးဆွဲရာတွင် မပြောင်းမလဲဘဲ ရှေးယခင်ကတည်းက တည်ထောင်ခဲ့သည့် ဒီမိုကရေစီစနစ်များရှိ ဖွဲ့စည်းပုံအခြေခံဥပဒေအဟောင်းများထက် ဖွဲ့စည်းပုံအခြေခံဥပဒေအသစ်များက ပိုမိုကောင်းမွန်သည့် စံပြဥပဒေ ဖြစ်နိုင်သည်။

**စဉ်းစားစရာ အချက် (၄)**

ယခင်အတွေ့အကြုံများအရ တရားရေးဆိုင်ရာစည်းမျဉ်း၊ ရာထူးမှထုတ်ပယ်ခြင်းဆိုင်ရာ မေးခွန်းထုတ်ဖွယ် ကိစ္စရပ်များနှင့် စပ်လျဉ်းသည့် နိုင်ငံရေးအာဏာရှိသူများ၏တာဝန်ယူမှုကို ယုံကြည်နိုင်ပါသလော။ အလွန်အကျွံ ဘက်လိုက်ခြင်း နှင့်/သို့မဟုတ် နိုင်ငံရေးအကျင့်ပျက်ခြစားမှုသည် တရားစီရင်ရေးလိုအပ်ချက်အရ ကိုယ်ပိုင်စည်းမျဉ်းထုတ်ခြင်းကို ဖြစ်ပေါ်စေသလော။

## တရားစီရင်ရေးစနစ် တစ်စိတ်တစ်ပိုင်းပါဝင်၍ စောင့်ကြည့်ကြီးကြပ်ခြင်းနှင့် လုပ်ပိုင်ခွင့်အာဏာအတွင်းမှ ဆောင်ရွက်ခြင်းကို အာမခံစေသည့် အစိုးရဌာနခွဲများ

တရားစီရင်ရေးစနစ်တစ်စိတ်တစ်ပိုင်း ပါဝင်သော သို့မဟုတ် သမာဓိရှိသော အစိုးရဌာနခွဲ သို့မဟုတ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ စုံစမ်းစစ်ဆေးရန် ခန့်အပ်ခံရသည့် အရာရှိများ၊ စာရင်းစစ်များ၊ လူ့အခွင့်အရေးကော်မရှင်အဖွဲ့ဝင်များကဲ့သို့သော စောင့်ကြည့်ကြီးကြပ်ရေးအစိုးရအရာရှိများသည် တရားသူကြီးများ ကျင့်သုံးနိုင်သော ဖွဲ့စည်းပုံအခြေခံဥပဒေအများစုပါ ပြဋ္ဌာန်းချက်များကို ကျင့်သုံးနိုင်သည်။ နိုင်ငံရေးကြိုးကိုင်ခြယ်လှယ်မှုကင်းလွတ်ခြင်း၊ နိုင်ငံရေးဆိုင်ရာဘက်လိုက်မှုကင်းရှင်းခြင်းနှင့် တရားလွန်လွှမ်းမိုးမှုမှ ကင်းလွတ်ခြင်း၊ တရားဥပဒေနှင့်အညီဖြစ်ရန် လိုအပ်ချက်နှင့် အဆုံးစွန်တာဝန်ခံမှုတို့ ပေါင်းစည်းခြင်းစသည့်တူညီသော သဘောတရားနိယာမများကို အဆိုပါ အဖွဲ့အစည်းများတွင်ကျင့်သုံးသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေတစ်ခုကို ရေးဆွဲရာတွင် စောင့်ကြည့်ကြီးကြပ်ရေးအစိုးရအရာရှိများအတွက် တရားစီရင်ရေးဆိုင်ရာအာမခံချက်များကိုထည့်သွင်း စဉ်းစားရမည်။

# ၈။ ဥပမာများ

ဇယား (၈.၁)။ တရားရေးဆိုင်ရာ ထုတ်ပယ်ခြင်း ယန္တရားများ

| နိုင်ငံ | တရားသူကြီးများ၏ ရာထူးတည်မြဲပိုင်ခွင့် | ရာထူးမှထုတ်ပယ်ခြင်း နည်းလမ်း | အခြားသော ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာ ပြဋ္ဌာန်းချက်များ |
|---|---|---|---|
| **ပြင်သစ်**<br><br>ဒီမိုကရေစီစနစ်ကို ၁၈၇၅ ခုနှစ်မှစ၍ ကျင့်သုံးသည် (၁၉၅၈ ဖွဲ့စည်းပုံ အခြေခံဥပဒေ) တစ်ပြည်ထောင်၊ တိုက်ရိုက် ရွေးကောက် တင်မြှောက်သည့် သမ္မတနှင့် ပါလီမန်ကို တာဝန်ခံရသည့် ဝန်ကြီးချုပ်တို့ အုပ်ချုပ်သည့်နိုင်ငံ တရားမဥပဒေ | ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာကောင်စီ- ခန့်အပ်ခံရသည့် အဖွဲ့ဝင်များသည် ၉ နှစ်သက်တမ်း ၁ ကြိမ် တာဝန်ထမ်းဆောင်ရသည်၊ ကောင်စီအကြီးအကဲ ဟောင်းများသည် ရာသက်ပန် တာဝန်ထမ်းဆောင်ရသည်။ တရားရုံးတော်များ- စည်းကမ်းချိုး ဖောက်ခြင်း မပြုသည့် တရားသူကြီးများကို ရုံးတော်မှ ဖယ်ရှားခြင်း မပြုရ။ | ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ကောင်စီ- ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် ပြဋ္ဌာန်းထားခြင်းမရှိ။ တရားရုံးတော်များ- တရားသူကြီးများကို စီရင်ဆုံးဖြတ်ခြင်းများ ပြုလုပ်သည့် တရားစီရင်ရေး ကောင်စီဌာနသည် တရားသူကြီးများအတွက် စည်းကမ်းလိုက်နာမှုဆိုင်ရာခုံရုံးကဲ့သို့ပင် ဖြစ်သည်။ တရားရေးဝန်ကြီးသည် စည်းမျဉ်းစည်းကမ်းကိစ္စရပ်များမှလွဲ၍ ထိုတရားစီရင်ရေးကောင်စီ၏ ဌာနအမျိုးမျိုးတွင် ပါဝင်နိုင်သည်။ | နိုင်ငံတော်သမ္မတသည် တရားစီရင်ရေးလွတ်လပ်မှု၏ တာဝန်ရှိပုဂ္ဂိုလ်ဖြစ်သည်။ တရားစီရင်ရေးကောင်စီသည် သမ္မတအား အထောက်အကူပြုရမည်။ |
| **အိန္ဒိယ**<br><br>ဒီမိုကရေစီစနစ်ကို ၁၉၄၇ ခုနှစ်မှစ၍ ကျင့်သုံးသည်။ (၁၉၅၀ ဖွဲ့စည်းပုံ အခြေခံဥပဒေ) ဖက်ဒရယ် ပါလီမန် သမ္မတနိုင်ငံ အင်္ဂလိပ်ရိုးရာဥပဒေ | တရားသူကြီးများသည် ကိုယ်ကျင့်တရားနှင့်ပြည့်စုံပါက ပင်စင်ယူချိန် အသက် ၆၂ နှစ် အထိ ခန့်အပ်သည်။ | တရားမဲ့ပြုကျင့်ကြောင်း သို့မဟုတ် အရည်အချင်း မပြည့်မီကြောင်း တွေ့ရှိရသည့် အခြေအနေမှလွဲ၍ နိုင်ငံတော် တရားရုံးချုပ် တရားသူကြီး တစ်ဦးအား ရာထူးမှ ဖယ်ရှားခြင်း မပြုရပါ။ သမ္မတသည် ပါလီမန် လွှတ်တော် တစ်ရပ်ချင်းစီမှ အများစု ၃ ပုံ ၂ ပုံ ၏ ထောက်ခံအတည်ပြုမှုဖြင့် အမိန့်တစ်ခု ထုတ်ပြန်၍ ထုတ်ပယ်ရမည်။ | ခန့်အပ်ခံရပြီးနောက် တရားသူကြီးတစ်ဦး၏ ခံစားခွင့်များ၊ ချီးမြှင့်ငွေ၊ ခွင့်ခံစားခွင့် သို့မဟုတ် ပင်စင်ခံစားခွင့် အခွင့်အရေးတို့သည် အကျိုးမဲ့ဖြစ်စေခြင်းငှာ ပြောင်းလဲခြင်းမရှိစေရ။ |

| | | | |
|---|---|---|---|
| | | ပါလီမန်လွှတ်တော်သည် မိန့်ခွန်း တစ်ခုပြောကြားရန်၊ စုံစမ်း စစ်ဆေးရေးပြုလုပ်ရန်နှင့် တရားမဲ့ပြုကျင့်ကြောင်း သို့မဟုတ် အရည်အချင်း မပြည့်မီကြောင်း သက်သေပြရန် အတွက် လုပ်ငန်းစဉ်စည်းမျဉ်း ရေးဆွဲရမည်။ | |
| **ကင်ညာ**<br><br>ဒီမိုကရေစီစနစ်ကို ၁၉၉၂ ခုနှစ်မှစ၍ ကျင့်သုံးသည်။ (၂၀၁၀ ဖွဲ့စည်းပုံ အခြေခံဥပဒေ) ဗဟိုချုပ်ကိုင်မှု လျှော့ချသည့် သမ္မတနိုင်ငံ အင်္ဂလိပ်ရိုးရာဥပဒေ | တရားသူကြီး တစ်ဦးသည် အသက် ၇၀ နှစ် ပြည့်သည့် အချိန် ပင်စင်ယူရမည်။ သို့သော် ၆၅ နှစ် ပြည့်ပြီး နောက် ပင်စင်ပေးခံရ နိုင်သည်။ | အထက်တရားရုံး တရားသူကြီး တစ်ဦးအား ရုံးတော်လုပ်ငန်း တာဝန်များကို လုပ်ဆောင်ရန် စိတ်ပိုင်းဆိုင်ရာ သို့မဟုတ် ရုပ်ပိုင်းဆိုင်ရာ စွမ်းဆောင် နိုင်စွမ်းမရှိခြင်း၊ လိုက်နာရမည့် ကျင့်ဝတ် ချိုးဖောက်ခြင်း၊ လူမွဲစာရင်းခံယူခြင်း၊ အရည် အချင်း မပြည့်ဝခြင်း သို့မဟုတ် လက်မခံနိုင်ဖွယ်ပြုမူခြင်း သို့မဟုတ် တရားမဲ့ပြုမူခြင်း အခြေအနေများမှသာ တာဝန်မှ ရပ်စဲရမည်။<br>တရားသူကြီးတစ်ဦးအား ထုတ်ပယ်ခြင်းကို တရားစီရင်ရေး ရာထူးဝန်ကော်မရှင်ကသာ စတင် ဆောင်ရွက်ရမည်။<br>သမ္မတသည် ထိုတရားသူကြီး အား ရာထူးမှဆိုင်းငံ့ထားပြီး၊ တရားစီရင်ရေးရာထူးဝန် ကော်မရှင်၏ အကြံပြုချက် အတိုင်း ဆောင်ရွက်ရမည်။ (ဖွဲ့စည်းပုံအခြေခံ ဥပဒေတွင် တရားစီရင်ရေးကို အလေးပေး ဖော်ပြထားသည့် ဖွဲ့စည်း ဆောင်ရွက်မှုအတိုင်း) ခုံရုံးဖွဲ့၍ ဖြစ်စဉ်ကို စုံစမ်းစစ်ဆေးကာ ထုတ်ပယ်ရန် အကြံပြုချက်များ ကို စုစည်း၍ သမ္မတထံ ပေးပို့ရမည်။ | တရားစီရင်ရေးဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာကို ကျင့်သုံး ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၁၆၀ အရ တရားစီရင်ရေး သည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေကိုသာ လိုက်နာရန် လိုပြီး၊ မည်သူတစ်ဦး တစ်ယောက် သို့မဟုတ် အာဏာပိုင်အစိုးရ၏ထိန်းချုပ်မှု သို့မဟုတ် လမ်းညွှန်မှုကိုမှ လိုက်နာရန် မလိုအပ်ပေ။ အထက်တရားရုံးအား လွှဲပြောင်း ယူနိုင်မည့်သူ ခိုင်ခိုင်မာမာရှိပါက ဖျက်သိမ်းခြင်း မပြုရ။ တရားသူကြီးများအားပေးအပ် သည့် လစာနှင့် အကျိုးခံစားခွင့် များကို နိုင်ငံတော်ရသုံးမှန်းခြေ ငွေစာရင်းမှ ကျခံသုံးစွဲရမည်။ တရားစီရင်ရေးဆိုင်ရာ အဖွဲ့ဝင်တစ်ဦးသည် တရားရေး ဆိုင်ရာ လုပ်ငန်းတာဝန်တစ်ခုကို ရိုးသားဖြောင့်မတ်စွာ ဥပဒေ ကြောင်းအရ လုပ်ဆောင်ခဲ့ခြင်း အတွက် တာဝန်ခံရန် မလိုပါ။ |

| | | | |
|---|---|---|---|
| **မွန်ဂိုလီးယား**<br><br>ဒီမိုကရေစီစနစ်ကို ၁၉၉၀ ခုနှစ်မှစ၍ ကျင့်သုံးသည်။ (၁၉၉၂ ဖွဲ့စည်းပုံ အခြေခံဥပဒေ) တစ်ပြည် ထောင်စနစ် ပါလီမန် သမ္မတ နိုင်ငံ တရားမဥပဒေ | ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာ တရားရုံး၏ သက်တမ်းမှာ ၆ နှစ် ဖြစ်သည်။<br>နိုင်ငံတော်တရားရုံးချုပ်နှင့် အခြား တရားရုံးများတွင် ကိုယ်ကျင့်တရားနှင့် ပြည့်စုံပါက ရာထူးဆက်လက် ပိုင်ဆိုင်ခွင့်ရှိသည်။<br>အဖွဲ့ဝင် ၁၅ ဦးပါ တရားရေးဆိုင်ရာစည်းကမ်း ထိန်းသိမ်းရေး ကော်မတီသည် တရားဥပဒေ သို့မဟုတ် တရားစီရေးဆိုင်ရာ ကျင့်ဝတ်စံနှုန်းများအား ချိုးဖောက်ခြင်းများကို စုံစမ်းစစ်ဆေးမှုများ ပြုလုပ်သည်။ | တရားရုံးတစ်ရုံး၏ တရားသူကြီး တစ်ဦးအား ရာထူးမှထုတ်ပယ်ခြင်းကို တားမြစ်ထားသည်။<br>အခြားတရားသူကြီးတစ်ဦးနှင့် အစားထိုးရန် ၎င်းကိုယ်တိုင် တောင်းဆိုခြင်း သို့မဟုတ်၊ တရားစီရင်ရေးနှင့်စပ်လျဥ်းသည့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေတွင် ဖော်ပြထားသည့် အခြေအနေများအပေါ် မူတည်၍ တရားရုံး၏ တရားဝင်ဆုံးဖြတ်ချက် တစ်ရပ်ကြောင့် ရာထူးမှ ထုတ်ပယ်ခြင်းကို လုပ်ဆောင်နိုင်သည်။ | အထွေထွေ တရားရုံးများ ကောင်စီသည် တရားစီရင်ရေး လွတ်လပ်ခွင့်ကို အာမခံပေးရမည်၊ တရားရုံးများနှင့် တရားသူကြီးများ၏ လုပ်ငန်းကိစ္စများတွင် ဝင်ရောက်စွက်ဖက်ခြင်း မရှိစေရ၊ ရှေ့နေများအနက်မှ တရားသူကြီးများ ရွေးချယ်ခြင်းကို အထူးသီးသန့်ဆောင်ရွက်ရမည်၊ တရားသူကြီးများ၏ အခွင့်အရေးများနှင့် တရားစီရင်ရေး လွတ်လွပ်ခွင့်ကို အာမခံပေးသည့်အခြေအနေများနှင့် စပ်လျဥ်းသည့် ကိစ္စရပ်များအား ကာကွယ်ပေးရမည်။ |
| **ပိုလန်**<br><br>ဒီမိုကရေစီစနစ်ကို ၁၉၉၁ ခုနှစ်မှစ၍ ကျင့်သုံးသည်။ (၁၉၉၇ ဖွဲ့စည်းပုံ အခြေခံဥပဒေ) တစ်ပြည်ထောင်၊ တိုက်ရိုက်ရွေးကောက် တင်မြှောက်သည့် သမ္မတနှင့် ပါလီမန်ကို တာဝန်ခံရသည့် ဝန်ကြီးချုပ်တို့ အုပ်ချုပ်သည့်နိုင်ငံ တရားမဥပဒေစနစ် | တရားသူကြီးများ ခန့်အပ်ရာတွင် အချိန်ကာလသက်တမ်း အတိအကျ ဖော်ပြထားခြင်း မရှိပါ။<br>တရားသူကြီးတစ်ဦးသည် နာမကျန်းဖြစ်၍ လုပ်ငန်းဆောင်တာများ လုပ်ဆောင်နိုင်ခြင်း မရှိသည့်အခါတွင် ပင်စင်ပေးနိုင်သည်။ ထိုသို့ ပင်စင်ပေးခြင်းအတွက် လုပ်ထုံးလုပ်နည်းနှင့် ပင်စင်ပေးခံရသည့် ဆုံးဖြတ်ချက်အပေါ် အယူခံဝင်ခြင်းတို့ကို ဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းရမည်။ | တရားသူကြီးများအား တာဝန်မှ ရပ်စဲခြင်းမပြုနိုင်ပါ။<br>တရားသူကြီး တစ်ဦးအား ရာထူးပြန်လည် ရုတ်သိမ်းခြင်း၊ ဆိုင်းငံ့ခြင်း၊ ကာယကံရှင်၏ ဆန္ဒမပါဘဲ နေရာပြောင်းရွှေ့ချထားခြင်း သို့မဟုတ် ရာထူး အပြောင်းအလဲ လုပ်ခြင်းများကို ဥပဒေတွင် ဖော်ပြထားသည့် ဖြစ်ရပ် အခြေအနေများနှင့် တရားရုံး၏ ဆုံးဖြတ်ချက်အရသာလျှင် လုပ်ဆောင်ရမည်။<br>တရားရုံးစနစ် ပြန်လည်ဖွဲ့စည်းသည့်အခါ သို့မဟုတ် တရားရုံး နယ်မြေသတ်မှတ်ချက်များ ပြောင်းလဲသည့်အခါ တရားသူကြီးတစ်ဦးအား အခြား တရားရုံးတစ်ရုံးသို့ ပြောင်းရွှေ့နိုင်သည် သို့မဟုတ် လစာ အပြည့် ခံစားခွင့်နှင့် ပင်စင်ပေးနိုင်သည်။ | ဥပဒေဖြင့်ပြဋ္ဌာန်းထားသော တရားရုံးက ခွင့်ပြုသည့် ကြိုတင်သဘောတူညီချက်မပါဘဲ တရားသူကြီးတစ်ဦးအား ရာဇဝတ်ကြောင်းအရ အရေးယူခြင်းမပြုရ သို့မဟုတ် သူ၏ လွတ်လပ်ခွင့်အား မထိခိုက်စေရ။<br>တရားသူကြီးများသည် လုပ်ငန်းတာဝန်များ ထမ်းရွက်ရာတွင် လွတ်လပ်စွာ ဆောင်ရွက်ရမည်ဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေများအရသာလျှင် လိုက်နာဆောင်ရွက်ရမည်။<br>တရားသူကြီးများအတွက် လုပ်ငန်းခွင်နှင့်သင့်လျော်သည့် ပံ့ပိုးမှုများပေးထားရန်နှင့် ရာထူးဂုဏ်သိက္ခာ၊ တာဝန်ဝတ္တရားနယ်ပယ်တို့နှင့် ကိုက်ညီမှုရှိသည့် လစာခံစားခွင့် ပေးအပ်ရမည်။<br>တရားသူကြီးတစ်ဦးသည် နိုင်ငံရေးပါတီနှင့် ပါဝင်ပတ်သတ်ခြင်းမရှိရ။ ကုန်သွယ်စီးပွားသမဂ္ဂတွင် ပါဝင်ခြင်းမရှိရ။<br>တရားရုံးများနှင့် တရားသူကြီးများ၏ လွတ်လပ်ခွင့်စည်းမျဥ်းများနှင့် ကိုက်ညီမှုမရှိသည့် လူထုလှုပ်ရှားမှုများ မပြုလုပ်ရ။ |

| | | | |
|---|---|---|---|
| **တောင်အာဖရိက**<br><br>ဒီမိုကရေစီကို ၁၉၉၄ ခုနှစ်မှစ၍ ကျင့်သုံးသည်။ (၁၉၉၆ ဖွဲ့စည်းပုံအခြေခံဥပဒေ) ဖက်ဒရယ် ပါလီမန် သမ္မတနိုင်ငံ တရားမဥပဒေနှင့် အင်္ဂလိပ်ရိုးရာဥပဒေ ပေါင်းစပ်သည့်စနစ် | ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာတရားရုံး၏ တရားသူကြီးတစ်ဦးသည် သက်တမ်း ၁၂ နှစ် ထိသာ ထမ်းဆောင်ရပြီး သက်တမ်းတိုးခွင့် မရှိပါ။ သို့မဟုတ် အသက် ၇၀ နှစ် အထိသာ တာဝန်ထမ်းဆောင်ရသည် (ဦးစွာပြည့်မြောက်သည့် အချက်အရ လိုက်နာရမည်)။ ဖွဲ့စည်းပုံအခြေခံ ဥပဒေဆိုင်ရာ တရားရုံး တရားသူကြီးတစ်ဦး၏ သက်တမ်းအား ပါလီမန်က ထပ်မံတိုးမြှင့်ပြဋ္ဌာန်းပါက သက်တမ်းတိုး ထမ်းဆောင်နိုင်သည်။<br>ပါလီမန်၏ပြဋ္ဌာန်းချက်တစ်ခုအရ လုပ်ငန်းတာဝန်မှ နုတ်ထွက်ခွင့်ပေးခြင်း မခံရသရွေ့ တရားသူကြီးများသည် ဆက်လက်တာဝန်ထမ်းဆောင်နိုင်သည်။ | (က) တရားသူကြီးတစ်ဦးသည် အရည်အချင်းမပြည့်ဝခြင်း၊ လွန်စွာ လက်ခံနိုင်ဖွယ်မရှိသော ပြုမူဆောင်ရွက်မှုအတွက် အပြစ်ရှိသည်ကို တရားစီရင်ရေး ရာထူးဝန် ကော်မတီက တွေ့ရှိသည့်အခါ၊ (ခ) ပြည်ထောင်စု ပါလီမန်လွှတ်တော် (THE NATIONAL ASSEMBLY) ၏ ကိုယ်စားလှယ် အနည်းဆုံး ၃ ပုံ ၂ ပုံ ထောက်ခံမှုဖြင့် ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အရ အဆိုပါ တရားသူကြီးအား ရာထူးမှ ဖယ်ရှားနိုင်သည်။ တရားသူကြီးအား ရာထူးမှဖယ်ရှားရန် ချမှတ်လိုက်သည့် ဆုံးဖြတ်ချက်အရ သမ္မတသည် အဆိုပါ တရားသူကြီးအား ထုတ်ပယ်ရမည်။<br>တရားစီရင်ရေးရာထူးဝန်ကော်မတီ၏ အကြံပြုချက်အရ သမ္မတသည် ရာထူးမှ ထုတ်ပယ်ခံရမည့် တရားသူကြီးတစ်ဦးအား ရာထူးမှ ရပ်ဆိုင်းနိုင်သည်။ | တရားရုံးများသည် လွတ်လပ်မှုရှိရမည်။ ကြောက်ရွံ့မှု၊ ဦးစားပေးမှု၊ ထိခိုက်စေလိုမှု မရှိဘဲ ဘက်လိုက်မှုကင်းစွာဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တရားဥပဒေများကို လိုက်နာဆောင်ရွက်ရမည်။<br>တရားရုံးများ၏ လုပ်ငန်းတာဝန်များအား မည်သူတစ်ဦးတစ်ယောက်မှ ဝင်ရောက်စွက်ဖက်ခြင်း မပြုရ။<br>တရားသူကြီးတစ်ဦး၏ လစာ၊ ခွင့်ပြုစရိတ်နှင့် ခံစားခွင့်များအား လျှော့ချခြင်းမပြုရ။ |

# ၄။ ဆုံးဖြတ်ချက်ချမှတ်ရေးဆိုင်ရာမေးခွန်းများ

၁။ စနစ်သစ်ဖြင့် မည်သည့်ပြဿနာကို ဖြေရှင်းလိုပါသနည်း။ တရားစီရင်ရေးမဏ္ဍိုင်သည် အမှီသဟဲပြုမှု လွန်ကဲလွန်းနေသည့်အတွက် သီးခြားရပ်တည်နိုင်မှု အားကောင်းခိုင်မာလာစေရန် စည်းကမ်းပိုင်းဆိုင်ရာနှင့် ရာထူးမှထုတ်ပယ်ခြင်းနည်းလမ်းကို လိုအပ်လာခြင်းဖြစ်ပါသလော။ သို့မဟုတ် တရားစီရင်ရေးမဏ္ဍိုင်သည် တာဝန်ခံမှုကင်းမဲ့လွန်းနေသည့်အတွက် အများပြည်သူအကျိုးငှာ ပိုမိုတာဝန်ယူမှုရှိလာစေရန် စည်းကမ်းပိုင်းဆိုင်ရာနှင့် ရာထူးမှထုတ်ပယ်ခြင်းနည်းလမ်းကို လိုအပ်လာခြင်း ဖြစ်ပါသလော။ လုပ်ငန်းပိုင်းဆိုင်ရာ အရည်အချင်းစံနှုန်းများနှင့် သမာဓိပိုင်းစံနှုန်းများ နိမ့်ကျနေသည့်အတွက် ဥပဒေပညာရပ်ဆိုင်ရာစံနှုန်းများနှင့် တရားသူကြီးများ၏ လုပ်ငန်းပိုင်းဆိုင်ရာအရည်အချင်းစံနှုန်းများကို အားပေးမြှင့်တင်ရန် လိုအပ်လာခြင်း ဖြစ်ပါသလော။

၂။ နိုင်ငံရေးနှင့် နိုင်ငံရေးပါတီများ၏ အလားအလာအခြေအနေ မည်သို့ရှိသနည်း။ နိုင်ငံရေး (ရွေးကောက်ပွဲ) တွင် အနိုင်ရရှိသူများပေါင်းစပ်၍ တရားသူကြီးတစ်ဦးအား ဖယ်ရှားနိုင်ဖွယ် ရှိပါသလော။ ဥပမာ- ဥပဒေပြုရေးမဏ္ဍိုင်မှ ကိုယ်စားလှယ်အများစု၏ ၃ ပုံ ၂ ပုံ မဲပေးမှုဖြင့် တရားသူကြီးများအား ဖယ်ရှားနိုင်မှုသည် တရားစီရင်ရေး လုပ်ပိုင်ခွင့်အာဏာအား အလွဲသုံးစားပြုခြင်းကို တားဆီးနိုင်မည့် ထိရောက်သောစောင့်ကြည့်မှုတစ်ရပ်ကို အထောက်အကူဖြစ်ပါသလော။ သို့မဟုတ် နိုင်ငံရေးပါတီတစ်ခု သို့မဟုတ် ညွန့်ပေါင်းအစိုးရအဖွဲ့ထံသို့ တရားသူကြီးများအား ဖယ်ရှားနိုင်သည့် အခွင့်အရေးပေးခြင်း ဖြစ်ပါသလော။

၃။ တရားသူကြီးများအား ရာထူးမှထုတ်ပယ်ခြင်းနှင့် စည်းကမ်းချမှတ်ခြင်းတို့အတွက် တည်ဆဲဥပဒေများ၊ လုပ်ထုံးလုပ်နည်းဆိုင်ရာ နည်းဥပဒေများနှင့်စပ်လျဉ်းသည့် တရားစီရင်ရေးလွတ်လပ်ခွင့် အာမခံချက်များမှာမည်သို့ရှိသနည်း။ ယခင်ဖွဲ့စည်းပုံအခြေခံဥပဒေ သို့မဟုတ် တည်ဆဲဖွဲ့စည်းပုံအခြေခံဥပဒေတွင် တရားသူကြီးများလွတ်လပ်ခွင့်ရှိကြောင်း ထုတ်ပြန်ကြေညာထားသော်လည်း အဆိုပါထုတ်ပြန်ချက်သည် လွတ်လပ်ခွင့်အစစ်အမှန်အပြည့်အဝ ရရှိနိုင်စွမ်းမရှိသည့်အခါ ရှေ့လာမည့်အနာဂတ်တွင် အလားတူထုတ်ပြန်ချက်မျိုးများ ထိရောက်အောင် မည်သို့လုပ်ဆောင်ကြမည်နည်း။ တရားစီရင်ရေးဆိုင်ရာ စည်းကမ်းချမှတ်ခြင်းနှင့် ရာထူးမှထုတ်ပယ်ခြင်းတို့ကို တရားမျှတ၍ ဖြောင့်မတ်စွာဆောင်ရွက်ရေး

နှင့် စပ်လျဉ်းသည့် နည်းဥပဒေများကို အာမခံနိုင်ရန် မည်သည့်ဥပဒေပြဋ္ဌာန်းချက်များကို ထည့်သွင်းရန် လိုအပ်သနည်း။

၄။ မည်သည့် လစ်ဟာကွက်များကို ပိတ်ပင်ဆောင်ရွက်ရန်လိုပါသနည်း။ တရားစီရင်ရေး မဏ္ဍိုင်တွင် ရာထူးတည်မြဲပိုင်ခွင့်ဆိုင်ရာ လုံခြုံမှုရှိပါက တရားသူကြီးများအား မတရား ပြောင်းရွှေ့ခြင်းနှင့် ရာထူးအဆင့်လျှော့ချခြင်းတို့မှ အကာအကွယ်ပေးရန်လည်း လိုအပ်ပါ သလော။ လစာခံစားခွင့်ပေးပါက ပင်စင်ခံစားခွင့်ပေးပါမည်လော။

၅။ တရားသူကြီးများအား ရာထူးမှထုတ်ပယ်ခြင်းနှင့် စည်းမျဉ်းပိုင်း ပြဋ္ဌာန်းချက်များသည် နိုင်ငံရေးစနစ်အတွင်း ကျယ်ပြန့်သည့် လုပ်ပိုင်ခွင့်အာဏာများမျှဝေခြင်းနှင့် မည်သို့ဆက် စပ်နေပါသနည်း။ ဥပမာ- အုပ်ချုပ်သည့် သမ္မတ၏ လုပ်ပိုင်ခွင့်အာဏာ ကျော်လွန်များပြား နေမှုကို ကန့်သတ်လိုပါက (ဥပမာ- တရားသူကြီးတစ်ဦးအား တိုင်ကြားနိုင်ခွင့် အပါအဝင်) တရားစီရင်ရေးဆိုင်ရာ စည်းမျဉ်းများနှင့် ရာထူးမှထုတ်ပယ်သည့်လုပ်ငန်းစဉ် (ဥပမာ - တရား သူကြီးတစ်ဦးအား တိုင်ကြားနိုင်ခွင့် အပါအဝင်)မှ သမ္မတအားချန်လှပ်ထားရန် ထည့်သွင်း စဉ်းစားရမည်။ တစ်ဖက်တွင်မူ ပါလီမန်လွှတ်တော်မဏ္ဍိုင်အား ထိန်းကျောင်းရန် သမ္မတ သည်အဆုံးအဖြတ်ပြုခွင့်မရှိပါက တရားစီရင်ရေးကောင်စီ၏ ဘက်လိုက်မှုကင်းသည့် ဥက္ကဋ္ဌ တစ်ဦးအနေဖြင့် သမ္မတအနေဖြင့်ဆောင်ရွက်ရန် သင့်လျော်မှုရှိနိုင်ပါသည်။

၆။ အာဏာပိုင်အဖွဲ့အစည်းအနေဖြင့် တရားသူကြီးများ ခန့်အပ်ခွင့်ရှိပါကရာထူးမှထုတ်ပယ် ရန် လုပ်ပိုင်ခွင့်အာဏာလည်း ရှိပါသလော။ ထိုသို့လုပ်ဆောင်ခွင့်ရှိပါက တရားစီရင်ရေး မဏ္ဍိုင်အပေါ် အခြားမဏ္ဍိုင်တစ်ခုမှ လုပ်ပိုင်ခွင့်အာဏာကျော်လွန်လုပ်ဆောင်ခွင့်ရှိခြင်းမှ ကာကွယ်ရန် အားကောင်းခိုင်မာသည့် လုပ်ထုံးလုပ်နည်းဆိုင်ရာ ထိန်းကျောင်းစောင့်ကြည့် ရေးများ မည်သို့ထည့်သွင်းရမည်နည်း။

# ၁၀။ ကိုးကားချက်များ

**စာတမ်းထဲတွင် ရည်ညွှန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေများကို ရှာဖွေရန်**

ဤစာစဉ်တွင် ရည်ညွှန်းထားသော ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ စာသားများအား မည်သည့်ရင်းမြစ်မှ ကောက်ယူသည်ဟု ဖော်ပြမထားခဲ့လျှင် Constitute Project ၏ Website ဖြစ်သည့် https://www.constituteproject.org/ မှ ကောက်နှုတ်ဖော်ပြထားသည်ဟု မှတ်ယူနိုင်သည်။


Austin, G., *The Indian Constitution: Cornerstone of a Nation* (Oxford: Oxford University Press, 2000). "အိန္ဒိယနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ : နိုင်ငံ့အုတ်မြစ်"

Bridge, J., 'Constitutional Guarantees of the Independence of the Judiciary', *Electronic Journal of Comparative Law*, 11/3 (December 2007). "တရားစီရင်ရေးမဏ္ဍိုင်၏လွတ်လပ်ခွင့်အား ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအာမခံချက်များ"

Cahill, M., 'Collateral Damage of Seanad Abolition', Constitution Project, University College Cork, 2013. "အထက်လွှတ်တော် ဖျက်သိမ်းခြင်းကြောင့် ဖြစ်ပေါ်လာနိုင်သည့် ကြီးမားသော ထိခိုက်ပျက်စီးမှုများ"

Hamilton, A., 'The Judiciary Department', in J. Madison, A. Hamilton and J. Jay (eds), *The Federalist Papers* (New York, 1788), <http://thomas.loc.gov/ home/histdox/fed_78.html>, accessed 20 July 2017. "တရားစီရင်ရေးမဏ္ဍိုင်ကဏ္ဍ"

International Bar Association (IBA), 'IBA Minimum Standards of Judicial Independence', adopted 1982, <http://www.ibanet.org/Document/ Default.aspx?DocumentUid=bb019013-52b1-427c-ad25-a6409b49fe29>, accessed 17 July 2017. "တရားစီရင်ရေး လွတ်လပ်ခွင့်ဆိုင်ရာ IBA ၏ အနိမ့်ဆုံးစံနှုန်းများ"

Latimer House, 'Guidance on Parliamentary Supremacy and Judicial Independence', 1998, <http://www.cpahq.org/cpahq/cpadocs/Latimer%20House%20Principles.pdf>, accessed 6 September 2016. "ပါလီမန်လွှတ်တော်ဆိုင်ရာအာဏာနှင့် တရားစီရင်ရေး လွတ်လပ်ခွင့် လမ်းညွှန်"

McKillop, B., 'The Judiciary in France: Reconstructing Lost Independence' in H. Cunningham (ed.), *Fragile Bastion: Judicial Independence in the Nineties and Beyond* (Sydney: Judicial Commission of New South Wales, 1997). "ပြင်သစ်နိုင်ငံ၏ တရားစီရင်ရေးမဏ္ဍိုင်- ဆုံးရှုံးခဲ့သော လွတ်လပ်ရေးအား ပြန်လည်တည်ထောင်ခြင်း"

Parliament of the Republic of Trinidad and Tobago, 'Eightieth Report of the Salaries Review Commission', 2006, <http://www.ttparliament.org/ legislations/ h_80threport_src.pdf>, accessed 17 July 2017. ထရီနီဒက်နှင့်တိုဘာဂိုးသမ္မတနိုင်ငံပါလီမန်လွှတ်တော် "လစာငွေများ ပြန်လည်သုံးသပ်ရေးကော်မရှင်၏ ၁၈ ကြိမ်မြောက်အစီရင်ခံစာ"

United Nations General Assembly, International Covenant on Civil and Political Rights, Resolution 2200A (XXI), adopted 16 December 1966, entered into force 23 March 1976, <http://www.ohchr.org/EN/ProfessionalInterest/ Pages/CCPR.aspx>, accessed 14 August 2017. ကုလသမဂ္ဂအထွေထွေညီလာခံ၊ "နိုင်ငံသားနှင့် နိုင်ငံရေးဆိုင်ရာ အခွင့်အရေးများနှင့် စပ်လျဉ်းသည့် နိုင်ငံတကာ သဘောတူညီချက်၊ ဆုံးဖြတ်ချက်အမှတ် 2200A (XXI)"

United Nations, Office of the High Commissioner for Human Rights (OHCHR), 'Basic Principles on the Independence of the Judiciary', 1985, <http://www.ohchr.org/EN/ProfessionalInterest/Pages/IndependenceJudiciary.aspx>, accessed 17 July 2017. "တရားစီရင်ရေးမဏ္ဍိုင်၏လွတ်လပ်ခွင့် အခြေခံစည်းမျဉ်းများ"

# နောက်ဆက်တွဲ

## စာရေးသူအကြောင်း

Elliot Bulmer သည် International IDEA ၏ ဖွဲ့စည်းပုံ အခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း အစီအစဉ်မှ အကြီးတန်းအစီစဉ်အရာရှိတစ်ဦးဖြစ်သည်။ University of Glasgow မှ ပါရဂူဘွဲ့ရတစ်ဦး ဖြစ်ပြီး University of Edinburgh မှ မဟာဝိဇ္ဇာဘွဲ့ ရရှိထားသည်။ စာရေးသူသည် International IDEA ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ ဖွဲ့စည်းတည်ဆောက်ခြင်း စာစဉ်၏ အယ်ဒီတာတစ်ဦးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေ ဒီဇိုင်းပုံစံ၊ အင်စတီကျူးရှင်း ဒီဇိုင်းပုံစံတို့ကို နှိုင်းယှဉ်လေ့လာသော ဘာသာရပ်ကို အထူးပြုလေ့လာသည်။ ထို့အပြင် စာရေးသူသည် ကမ္ဘာတစ်ဝန်းတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲမှုဖြစ်စဉ်များတွင် နည်းပညာအထောက်အပံ့နှင့် စွမ်းရည်မြှင့်တင်ရေးတို့အား ကမ်းလှမ်း ချိတ်ဆက်ပေးသူဖြစ်ပြီး ယခုလက်ရှိတွင် အာဖဂန်နစ္စတန်၊ မြန်မာ၊ တူဗာလူနှင့် ယူကရိန်းနိုင်ငံရှိ စီမံကိန်းများတွင် တာဝန်ထမ်းဆောင်လျက်ရှိပါသည်။

## International IDEA အကြောင်း

ဒီမိုကရေစီနှင့် ရွေးကောက်ပွဲဆိုင်ရာ အကူအညီပေးရေး နိုင်ငံတကာအဖွဲ့အစည်း (International IDEA) သည် အစိုးရချင်း ချိတ်ဆက်လုပ်ကိုင်သော အဖွဲ့အစည်းတစ်ခုဖြစ်ပြီး ကမ္ဘာတစ်ခွင် ရေရှည် တည်တံ့သော ဒီမိုကရေစီရရှိရေးအတွက် ပံ့ပိုးကူညီသည်။ International IDEA သည် အသိပညာ များ၊ နှိုင်းယှဉ်လေ့လာမှုများ ပံ့ပိုးပေးခြင်း၊ ဒီမိုကရေစီ ပြုပြင်ပြောင်းလဲရေးတွင် ပံ့ပိုးကူညီခြင်း၊ မူဝါဒ များနှင့် နိုင်ငံရေးပြုပြင်ပြောင်းလဲရာတွင် ကူညီဆောင်ရွက်ပေးခြင်းဖြင့် ရေရှည်တည်တံ့သည့် ဒီမို ကရေစီစနစ်သို့ ပြောင်းလဲမှုများဖြစ်ပေါ်လာစေရန် ရည်ရွယ်ပါသည်။

http://www.idea.int

## MyConstitution အစီအစဉ်အကြောင်း

International IDEA ၏ MyConstitution Programme သည် လုပ်ဖော်ဆောင်ဖက် သက်ဆိုင်သူများ၏ ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်းဆိုင်ရာ အသိပညာများကို မြှင့်တင် ပေးခြင်းဖြင့် အလုံးစုံခြုံငုံ စဉ်းစားဆုံးဖြတ်နိုင်သော၊ အများပါဝင်မှုရှိသော၊ ပြည်တွင်းဖြစ် ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာ ယဉ်ကျေးမှုတစ်ရပ် ဖော်ဆောင်နိုင်ရန် ရည်ရွယ်ပါသည်။

# ဤစာစဉ်နှင့် စပ်လျဉ်း၍

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း" စာတမ်းတိုင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သူများ၏ လက်တွေ့ကျကျ ကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ရှင်းပြနိုင်ရန် ရေးရှုသည်။

၁။ အခြေခံဥပဒေဆိုသည်မှာ အဘယ်နည်း။ အခြေခံ သဘောတရားများနှင့် အယူအဆများ။ *
၂။ ဥပဒေပြုလွှတ်တော် နှစ်ရပ်ထားရှိခြင်း (သို့) Bicameralism*
၃။ တိုက်ရိုက် ဒီမိုကရေစီ စနစ်။ *
၄။ တရားရေးဆိုင်ရာ ရာထူးရွေးချယ် ခန့်အပ်မှုများ။ *
၅။ တရားရေးဆိုင်ရာ ရာထူးများ၏ တည်မြဲပိုင်ခွင့်၊ ထုတ်ပယ်ခြင်း၊ အထူးကင်းလွတ်ခွင့်များနှင့် တာဝန်ခံမှု။ *
၆။ ပါလီမန်စနစ်သုံး ဒီမိုကရေစီနိုင်ငံများရှိ အုပ်ချုပ်ရေးအာဏာ မကျင့်သုံးသော သမ္မတများ။ *
၇။ ပါလီမန်စနစ်သုံးဒီမိုကရေစီနိုင်ငံများရှိဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်အာဏာကန့်သတ်ထားသော ဧကရာဇ်များ။
၈။ ဘာသာရေးနှင့် နိုင်ငံအကြား ဆက်စပ်မှု။
၉။ လူမှုရေးနှင့် စီးပွားရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ။
၁၀။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ရေး လုပ်ထုံးလုပ်နည်းများ။
၁၁။ ကန့်သတ်ချက် (ဥပဒေ) အပိုဒ်ငယ်များ။
၁၂။ ဖက်ဒရယ် စနစ်။ *
၁၃။ ဒေသန္တရ ဒီမိုကရေစီစနစ်။ *
၁၄။ သမ္မတ လက်ဝယ်ရှိ ဗီတိုအာဏာများ။
၁၅။ သမ္မတ လက်ဝယ်ရှိ ဥပဒေပြုရေး အာဏာများ။
၁၆။ ပါလီမန် ဖျက်သိမ်းခြင်း။
၁၇။ အစိုးရ ဖွဲ့စည်းမှုနှင့် ဖယ်ရှားရေး ယန္တရားများ။
၁၈။ အရေးပေါ်အခြေအနေဆိုင်ရာ လုပ်ပိုင်ခွင့်အာဏာများ။ *
၁၉။ ထိန်းညှိခြင်းနှင့် ကြီးကြပ် ကွပ်ကဲခြင်းဆိုင်ရာ လွတ်လပ်သော အဖွဲ့အစည်းများ (စတုတ္ထမဏ္ဍိုင် အင်စတီကျူးရှင်းများ)။*

*မြန်မာ ဘာသာဖြင့် ရရှိနိုင်သည်။

ဤ စာတမ်း များကို ကျွန်ုပ်တို့၏ အောက်ပါ ဝဘ်ဆိုဒ် <http://www.idea.int/publications> တွင် ရယူနိုင်ပါသည်။ နောက်ဆုံးအဆင့် ပြင်ဆင်ထားသောစာတမ်းများကို ဤ ဝဘ်ဆိုဒ် <http://constitutionnet.org/primers> တွင်လည်း ရယူနိုင်ပါသည်။

ယခု စာတမ်းအား ဘာသာပြန်ဆိုခြင်းနှင့် ပုံနှိပ်ခြင်းကို နော်ဝေးနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ဖင်လန်နိုင်ငံ၊ ဆွီဒင်နိုင်ငံနှင့် လူဇင်ဘာ့ဂ်နိုင်ငံ အစိုးရတို့မှ ထောက်ပံ့ကူညီသည်။

Norwegian Embassy

GRAND DUCHY OF LUXEMBOURG

Ministry for Foreign Affairs of Finland

Sweden Sverige

International IDEA မှ ထုတ်ဝေလျက်ရှိသော "ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ခြင်း" စာတမ်းများကို နိုင်ငံတစ်ဝှမ်း ဖွဲ့စည်းပုံအခြေခံဥပဒေ တည်ဆောက်ရေး သို့မဟုတ် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြုပြင်ပြောင်းလဲရေးအတွက် ကောင်းမွန်သော ဆုံးဖြတ်ချက်များ ချမှတ်နိုင်ရေးအတွက် ရည်ရွယ်ရေးသားထုတ်ဝေသည်။ နိုင်ငံရေးပါတီများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ အစိုးရဝန်ထမ်းများ၊ လွှတ်တော်ဥပဒေပြုသူများ၊ နိုင်ငံသားများအတွက် အထောက်အပံ့ ဖြစ်စေမည် ဖြစ်သည်။

နိုင်ငံရေးဆိုင်ရာ၊ ဥပဒေပြုရေးဆိုင်ရာ အထူးကျွမ်းကျင်သူများ မဟုတ်သော သာမန်စာဖတ်သူများအတွက် အကြောင်းအရာ ခေါင်းစဉ်များအလိုက် မိတ်ဆက်စာအနေဖြင့်လည်း ရေးသားထားသည်။ ထို့အတူ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေးနယ်ပယ်၌ ဗဟုသုတ၊ အတွေ့အကြုံရှိပြီးသူတို့ ပြန်လည်နှီးနှော ဖတ်ရှုနိုင်ရန်အတွက်လည်း အသုံးဝင်ပါသည်။

ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်သူများ၏ လက်တွေ့ကျကျ ကြုံတွေ့ရသော ရွေးချယ်မှုများအပေါ်တွင် အကြောင်းအရာအလိုက် စနစ်တကျ ခွဲခြားတင်ပြခြင်းဖြင့် ရှုပ်ထွေးပွေလီလှသော အခြေခံဥပဒေဆိုင်ရာ ပြဿနာများကို လွယ်ကူရှင်းလင်းသော နည်းလမ်းများဖြင့် ရှင်းပြနိုင်ရန် ရေးရှုသည်။

INTERNATIONAL IDEA
INSTITUTE FOR DEMOCRACY AND ELECTORAL ASSISTANCE

**International IDEA**
စတွန်းစ်ဘောင်
SE- ၁၀၃၃၄၊ စတော့ဟုမ်းမြို့
ဆွီဒင်နိုင်ငံ
ဖုန်းနံပါတ် - +၄၆၈ ၆၉၈၃၇၀၀
အီးမေးလ် - info@idea.int
ဝဘ်ဆိုဒ် - www.idea.int

**International IDEA**
မြန်မာနိုင်ငံအခြေစိုက်ရုံး
၆၈(ဘီ)၊ ဆရာစံလမ်း၊ ဗဟန်းမြို့နယ်၊
ရန်ကုန်၊ မြန်မာနိုင်ငံ။
ဖုန်းနံပါတ် - +၉၅ ၉ ၂၆၃ ၁၂၈၁၀၄
အီးမေးလ် - info-myanmar@idea.int
my.constitution@idea.int
ဝဘ်ဆိုဒ် - www.idea.int

ISBN : 978-91-7671-292-4 (print)
ISBN : 978-91-7671-293-1 (pdf)